ဗြဟ္မဒတ်သိန်းဟောင်
အမြီးအလွန်ရှည်တဲ့ကျားသစ်

အပါအဝင်

ပုံပြင်တွေထဲကသင်ခန်းစာ

စံလှစာပေတိုက်ဆိုတာ

ဖြန့်ခွဲရေး

စံလှစာပေ

အမှတ် ၁၈၀၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၄၆၆၂၁

စာမူခွင့်ပြုချက်အမှတ်
၅၁၀၀၆၃၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၀၀၄၁၀၆၀၈

ပုံနှိပ်မှတ်တမ်း

၂၀၀၈၊ ဩဂုတ်၊ စက်တင်ဘာ
ပထမအကြိမ်
တန်ဖိုး-၂၅၀
ကွန်ပျူတာစာစီ-မြစ်ခွဲဥစင်းကွန်ပျူတာ

ထုတ်ဝေသူ

စံလှစာပေ၊ ဒေါ်မြမြကြွေ(ဝ၁၃၆၄)
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်မြမြကြွေ(ဝ၃၃၇၉)၊
ပင်မြင့်မာလာပုံနှိပ်တိုက်၊ အမှတ် ၂၄၊ တာဝတီသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

စံလှစာပေ
အမှတ် ၁၈၀၊ ၂၉ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၆၆၂၁

မြဟာန်ဘိန်းဖေမောင်

အမြီးအလွန်ရှည်တဲ့ ကျားသစ်

အပါအဝင်

ပုံပြင်တွေထဲက သင်ခန်းစာ

ဒို့တာဝန်အရေးသုံးပါး

မြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

မြည်သူ့သဘောထား

★ မြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးတို့ ခွာင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
★ နိုင်ငံတော်၏ မြည်တွင်းရေးတို့ ဝင်ရောက်စွက်ဖက်ခွာင့်ယှက်သော မြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
★ မြည်တွင်းမြည်ပ အဖျက်သမားများအား တုံ့ပြန်သူအဖြစ် သတ်မှတ်ခေါ်ဆိုနိုးကြ၊

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားမြန်လည်စည်းလုံးညီညွတ်ရေး၊
★ နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ စေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
★ မြည်တွင်းမြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးတို့ ဓနတိုးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
★ အမျိုးဂုဏ် ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ တစ်မျိုးသားလုံး ကုန်းမာကြေ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

"နမောဗုဒ္ဓါယသိဒ္ဓံ"

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဘိုးသက်ရှည်တို့ရွာ	၇
၂။	အဖေထက် သားတစ်လကြီး	၁၄
၃။	အမြီးအလွန်ရှည်တဲ့ကျားသစ်	၂၂
၄။	မြေခွေးစကား ပုဏ္ဏားယုံ	၂၆
၅။	သီလနဲ့ဗညာ	၃၁
၆။	ဝက်ခေါင်းနဲ့လူ	၃၅
၇။	ဖြစ်သမျှအကြောင်း အကောင်းချည်းသာ	၄၀
၈။	သရက်သီးတစ်လုံးကုသိုလ်	၄၅
၉။	လက်တစ်ကမ်းကုသိုလ် ရအောင်ယူခဲ့သူ	၄၉
၁၀။	နွားသတ်သမားရဲ့ဇာတ်သိမ်း	၅၅

၁၁။ ငိုနေတဲ့ငါးကြီးတစ်ကောင် ၆၀
၁၂။ ပီတိကိုဝေငှသူ ၆၆
၁၃။ အဘိုးအိုပေးတဲ့ ပေစာတစ်ထုပ် ၇၅
၁၄။ ဝိရိယအကျိုး ၈၂
၁၅။ ကျေးဇူးရှင်ကို ပြစ်မှားသူ ၉၆
၁၆။ နတ်သမီးလေး တောင်းသော ဆု ၉၃
၁၇။ ဂဠုန်မင်းရဲ့ ချစ်သူ ၁၀၁
၁၈။ အသက်ပေးပြီး လှူရဲသူ ၁၀၇
၁၉။ မိဘကိုချစ်တဲ့ သားလိမ္မာ ၁၁၃
၂၀။ ပေါက်ပင်အောက်က မြေခွေး ၁၂၂

ဘိုးသက်ရှည်တို့ ရွာ

ရှေးလွန်လေပြီးသောအခါက...

ကာသိတိုင်းမှာ ဓမ္မပါလဆိုတဲ့ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာနေကြတဲ့သူတွေဟာ တရားနဲ့အညီ အကျင့်သီလ စောင့်ထိန်းကြသူတွေဖြစ်တယ်။ ဒီတော့ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားသူမရှိဘူး။ သက်တမ်းစေ့နေသွားကြရတဲ့သူတွေချည်းဖြစ်တယ်။ ရွာထဲမှာ အသက်အရွယ်ကြီးရင့်တဲ့ အဘိုးအဘွားတွေ အများကြီးရှိနေတယ်။ ဘိုးသက်ရှည်တို့ရွာဆိုပြီး တင်စားခေါ်ဆိုနိုင်ပါတယ်။

အဲဒီရွာက လုလင်ပျိုတစ်ယောက်ဟာ တက္ကသိုလ်ပြည်ကြီးမှာ သွားရောက်ပညာသင်ယူနေတယ်။ တစ်နေ့မှာ

တက္ကသိုလ်ဆရာကြီးရဲ့ လက်ထောက်တပည့်ကြီးတစ်ယောက် သေဆုံးသွားတယ်။ ဆရာတွေ၊ တပည့်တွေ၊ ဆွေမျိုးသားချင်းတွေဟာ ပူဆွေးဝမ်းနည်းစွာ ငိုကြွေးပြီး မီးသင်္ဂြိုဟ်ခဲ့ကြရတယ်။

အဲဒီအခါမှာ ဓမ္မပါလရွာသား လှလင်ကျောင်းသားက

'သူငယ်ချင်းတို့ လူတွေဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မသေသင့်ကြပါဘူး၊ ဒီလက်ထောက်တပည့်ကြီးဟာ အသက်ငယ်ငယ်လေးပဲရှိသေးတာ ဘာဖြစ်လို့ သေသွားရတာလဲ'

တအံ့တသြဖြစ်ကာ မေးကြည့်လိုက်တယ်။

'မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ သေခြင်းသဘောကိုတောင် မင်းမသိဘူးလား၊ သတ္တဝါဆိုတာ တစ်နေ့ ခုချသေရမှာပဲ၊ ကြီးကြီး ငယ်ငယ် သေရမှာပဲ'

'ဟုတ်ပါတယ်၊ လူတိုင်းသေရမှာကို သိပါတယ်၊ အသက်အရွယ်ကြီးရင့်လာမှသာ သေသင့်ပါတယ်၊ အခုလို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ သေသွားတာလဲဆိုတာ သိချင်နေလို့ပါ'

'မင်းတို့အိမ်မှာ အသက်ငယ်ငယ်နဲ့သေတာ မရှိဘူးလား'

'မရှိဘူး၊ အသက်ကြီးမှသာ သေတာ၊ တို့တစ်ရွာလုံး

မှာ အသက်ငယ်ငယ်နဲ့ သေသွားတဲ့လူ မရှိဘူး'

ကြားရတဲ့သူငယ်ချင်းတွေက မကျေနပ်ကြဘူး။ ဘဝင်လည်းမကျဘူး။ ယုံလည်းမယုံကြတာကြောင့် ဆရာကြီးထံသွားပြောကြတယ်။ ဆရာကြီးက ဓမ္မပါလရွာသားကို ခေါ်ယူကာ ထပ်မံစစ်မေးကြည့်တယ်။ ဓမ္မပါလရွာသားကလည်း သူပြောထားတဲ့စကားအတိုင်း ပြန်ဖြေတယ်။ မယုံနိုင်တဲ့သူတွေထဲ ဆရာကြီးပါ ပါသွားခဲ့ရတယ်။

အဲဒီအခါမှာ ဆရာကြီးက ဒီကိစ္စ မှန်၊ မမှန် ငါကိုယ်တိုင် စုံစမ်းပေးမယ်။ မင်းတို့ ဒီမှာ ကောင်းကောင်းနေရစ်ခဲ့ကြဆိုကာ ဓမ္မပါလရွာကို သွားတယ်။ ဆရာကြီးရဲ့လက်ထဲမှာ ဆိတ်ရိုးတစ်ခုကို ကိုင်ဆောင်လာတယ်။ ရွာကိုရောက်သွားတဲ့အခါ တပည့်ဖြစ်သူရဲ့ မိဘတွေနေအိမ်ကို စုံစမ်းကာ ဝင်သွားလိုက်တယ်။ တပည့်ရဲ့မိဘတွေက လောကွတ်ပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြတယ်။ ကောင်းမွန်စွာ ဧည့်ခံပြုစုတယ်။

အေးအေးဆေးဆေး အနားယူပြီးတဲ့နောက် ဆရာကြီးက ပြောပြလိုက်တယ်။

'မိတ်ဆွေတို့ရဲ့ သားဖြစ်သူဟာ အတတ်ပညာတွေကို ကောင်းစွာသင်ယူတတ်မြောက်ခဲ့ပြီးဖြစ်ပါတယ်၊ ဒါပေမဲ့ ရောဂါ

ဝေဒနာတစ်ခုဖြစ်ပြီး ရုတ်တရက် ကွယ်ပျောက်သွားရှာတယ်၊ အဲဒါ စိတ်မကောင်းလို့ လာပြီးအကြောင်းကြား အသိပေးရတာပါ၊ ဝမ်းနည်းပူဆွေးမနေကြပါနဲ့၊ ဘယ်သူမဆို တစ်နေ့မှာသေကြရမှာပဲ မဟုတ်လား'

ဆွေမျိုးမိတ်သင်္ဂဟတွေက တကွသိုလ်ဆရာကြီးကို ပြုံးစိစိနဲ့ ကြည့်နေကြတယ်။ ဖခင်ဖြစ်သူကတော့ လက်ခုပ်လက်ဝါးတီးပြီး အားရပါးရ ရယ်မောကာ...

'ဆရာကြီး ကျွန်ုပ်ရဲ့သား မသေပါဘူး၊ တခြားတစ်ယောက်သေတာ ဖြစ်ပါလိမ့်မယ်'

လို့ အခိုင်အမာ ပြန်ပြောလိုက်တယ်။

ဆရာကြီးက ယူဆောင်လာတဲ့ ဆိတ်ရိုးကို ထုတ်ပြကာ

'မယုံကြဘူးလား၊ ဒီမှာ အရိုးကိုတောင် ယူလာသေးတယ်'

ဆိုပြီး ထပ်မံသက်သေထူလိုက်ပြန်တယ်။

'ဒီအရိုးဟာ ဆိတ်ရိုး၊ ခွေးရိုး တစ်ခုခုဖြစ်ပါလိမ့်မယ်၊ ကျွန်ုပ်ရဲ့သား အရိုးတော့ မဖြစ်နိုင်ပါဘူး၊ အမှန်တကယ်တော့ ကျွန်ုပ်တို့အမျိုးမှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးရတာ ထုံးစံမရှိပါဘူး၊ နောက်ပြီး ကျွန်ုပ်ရဲ့သားဟာ အမျိုးရဲ့ အစဉ်

အလာအတိုင်း ကရားစောင့်သူဖြစ်ပါတယ်၊ ဆရာကြီးဆိုတာ လိမ်ညာမပြောရဘူးနော်၊ ဒါမှမဟုတ်လည်း ရယ်စရာဟာသမျာ်း လုပ်နေတာလား'

တပည့်ရဲ့ဖခင်အပါအဝင် ဆွေမျိုးသားချင်းတွေအားလုံးက တဟားဟားနဲ့ရယ်မောပြီး ဆရာကြီးကို လှောင်ပြောင်သလိုကြည့်နေကြတယ်။ ဆရာကြီးရဲ့ စကားကို လုံးဝအယုံအကြည်မရှိကြဘူး။

ဆရာကြီးဟာ ကျေနပ်ဝမ်းမြောက်သွားတယ်။ အံ့သြလည်းသွားတယ်။ ဒီတော့...

'သင်တို့မျိုးရိုးတွေဟာ ဘာဖြစ်လို့ ငယ်ရွယ်စဉ်အခါမှာ မသေကြရတာလဲ' လို့ စူးစမ်းမေးမြန်းကြည့်တယ်။

တပည့်ရဲ့ဖခင်ဖြစ်သူက ရှင်းလင်းပြောပြပေးလိုက်တယ်။

'မိတ်ဆွေဆရာကြီး...ကျွန်ုပ်တို့ဟာ...

(၁) ပေးလျှောခြင်း အစရှိတဲ့ ကုသိုလ်ကောင်းမှုဆယ်ပါး ကို ပြုကျင့်ကြတယ်၊ မသူတော်အကျင့်ကို ရှောင်တယ်၊

(၂) သူတော်ကောင်းနဲ့သာ ပေါင်းတယ်၊ သူတော်ကောင်းတွေရဲ့ အဆုံးအမကို နာယူတယ်၊ သူယုတ်မာတွေနဲ့ မပေါင်းပါဘူး၊

(၃) အလှူမပေးမီ၊ အလှူပေးနေဆဲ၊ အလှူပေးပြီးတဲ့နောက် ကာလသုံးပါးစလုံးမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။

(၄) အယုတ်အလတ် အမြတ်မရွေး အလှူခံပုဂ္ဂိုလ်တွေကို တတ်အားသမျှ ပေးလှူပါတယ်။

(၅) သတ်ခြင်း၊ ခိုးခြင်း၊ မသင့်လျော်တဲ့ကာမဂုဏ်အမူကျူးလွန်ခြင်း၊ မုသားဆိုခြင်း၊ သေရည်သေရက် သောက်ခြင်းဆိုတဲ့ ငါးပါးသီလကိုလည်း မကျူးလွန်ကြပါဘူး။

(၆) သားသမီးတွေ၊ ဆွေမျိုးတွေ၊ အခြေအရံကျေးကျွန်တွေလည်း သီလစောင့်ပြီး ကုသိုလ်ကောင်းမှုမပြတ်ပြုနေကြပါတယ်။

ဒါတွေကို ကျွင့်ဆောင်နေကြတာကြောင့် အသက်ငယ်ရွယ်စဉ်မှာ မသေကြပါဘူး'

တက္ကသိုလ်ဆရာကြီးဟာ မှတ်သားထားလိုက်တယ်။ မိမိလာရာကျိုးနပ်သွားတဲ့အတွက် လွန်စွာပီတိ ဖြစ်နေတယ်။

တပည့်ဖြစ်သူရဲ့ စကားအပေါ် မှန်မမှန် မိမိကိုယ်တိုင် စုံစမ်းချင်လို့လာခဲ့ရတဲ့အကြောင်း ဖွင့်ဟပြောဆိုလိုက်တယ်။ ဓမ္မပါလရွာသား လုလင်ဟာ တက္ကသိုလ်ကျောင်းကြီးမှာ ကျန်းမာချမ်းသာစွာရှိနေကြောင်းလည်း ပြန်လည်ပြောပြလိုက်တယ်။

ဆရာကြီးဟာ တက္ကသိုလ်ပြည် ပြန်ရောက်တဲ့အခါမှာ တပည့်အပေါင်းကို မိမိကြားနာမှတ်သားလာတဲ့အတိုင်း ကျင့်ဆောင်စေတယ်။ နောက်မကြာမီ ဓမ္မပါလရွာသား ကျောင်းသားကိုလည်း အခြေအရံတွေနဲ့အတူ မိဘရပ်ထဲ ပြန်လွှတ်ပေးလိုက်ပါတော့တယ်။

သင်ခန်းစာ

သီလဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဟာ အသက်ရှည်ဖို့ အထောက်အပံ့အဖြစ်တယ်ဆိုတာ ဒီပုံပြင်မှာ ပေါ်လွင်နေပါတယ်။ ဒါကြောင့် ကျန်းမာအသက်ရှည်လိုသူတွေဟာ အစားအစာ အာဟာရ၊ ဆေးဝါးနဲ့ စောင့်ရှောက်ကုသတာတွေအပြင် သီလနဲ့ ကုသိုလ်ကိုလည်း မြဲမြံစွာ စောင့်ထိန်းပြုကျင့်နေကြရမှာ ဖြစ်ပါတယ်။

(ဓမ္မပါလဇာတ်)

အဖေထက် သားတစ်လက်မီး

ရှေးအခါက ကာသိကရာဇ်တိုင်းမှာ သဝိဋ္ဌကလို့ခေါ်တဲ့ သူတစ်ယောက်ရှိခဲ့တယ်။ သူဟာ ဖခင်ကြီး၊ မယား၊ သားတို့နဲ့အတူ နေထိုင်လျက်ရှိတယ်။ သားငယ်လေးဟာ (၇)နှစ်သားအရွယ်ရှိနေပြီ။

မယားဖြစ်သူက ယောကျ်ားရဲ့ ဖခင် ယောကျ်မကြီးကို ပါ ပြုစုပေးနေရတော့ ပင်မန်းပြီး ငြိုငြင်လာတယ်။ စိတ်ကောင်းမရှိသူပီပီ သားသမီးရဲ့ဝတ္တရား ကုသိုလ်ကောင်းမှုလုပ်ငန်းလို့ သဘောမထားဘူး။ အပိုအလုပ်ရှုပ်နေတယ်လို့ မြင်လာတယ်။ ဒီတော့ ယောကျ်မကြီးအမြန်သေသွားရင် ကောင်းမှာပဲဆိုတဲ့ စိတ်ရိုင်းတွေဝင်နေတယ်။

'ယောကျ်မကြီးကို သတ်ဖြတ်ပစ်လိုက်ပါစော့' ဆိုပြီး ယောကျ်ားကို ခဏခဏ နားပူနားဆာလုပ်နေတယ်။ နားကြားပြင်းကပ်လာတဲ့ ယောကျ်ားကလည်း 'မင်းနှယ်ကွာ၊ လူတစ်ယောက်အသက် သတ်ရတာကိုများ လွယ်လွယ်လေး အောက်မေ့နေလား' လို့ ပြန်ပြောခဲ့တယ်။ အဲဒီအခါမှာ မိန်းမက အကြံပေးပြန်တယ်။

'တော်ဟာလေ ယောကျ်ားဖြစ်ပြီး ဉာဏ်သိပ်တုံးတာပဲ၊ ဒီမှာ ကျုပ်ပြောပြမယ်၊ သေသေချာချာနားထောင်၊ မနက်စောစောထ၊ ဟိုဘက်ရွာကိုသွားပြီး အကြွေးတောင်းမယ်ပြော၊ ကြွေးရှင်ကို အဖေကိုယ်တိုင်လိုက်တောင်းမှဖြစ်မယ်လို့ပြော၊ သူ့ကို လှည်းနဲ့တင်ခေါ်သွား၊ လှည်းကို သနှီင်းကုန်းနားရောက် အောင်မောင်းသွား၊ သနှီင်းကုန်းထဲက လူဆိုးများပြတွေထွက်လာတဲ့ဟန်လုပ်ပြီး ရိုက်သတ်၊ နောက် သနှီင်းကုန်းထဲမှာ မြေမြှုပ်ထားခဲ့၊ ဒါများ လွယ်လွယ်လေး၊ ဘယ်လောက်များခက်သလဲ၊ ပြောစမ်းပါဦး'

လင်ဖြစ်သူကလည်း မယားပေးတဲ့အကြံ မဆိုးဘူးဆိုကာ လက်ခံလိုက်တယ်။ သူတို့လင်မယားတွေ ပြောဆိုတိုင်ပင်နေကြာတာကို သားငယ်လေးက အလုံးစုံကြားသိထားပြီးဖြစ်တယ်။

တစ်မနက်ခင်းမှာ ဖခင်ဖြစ်သူဟာ အဘိုးကို ဝိမ်ညာပြီး လှည်းပေါ်တင်ခေါ်နေတာကို သားငယ်လေးသိရှိသွားတဲ့အခါ 'အဘိုးနဲ့အဖေကို ငါကယ်မှဖြစ်တော့မယ်' ဆိုကာ လှည်းပေါ်ကို သူကဦးအောင် အလျင်တက်ထိုင်နေလိုက်တယ်။

ဖခင်ဖြစ်သူက အမျိုးမျိုးချော့မော့ကာ သားငယ်ကို လှည်းပေါ်က ဆင်းစေတယ်။ သားငယ်ကပြန်မဆင်းဘူး။ ပေကပ်နေတယ်။ နောက်ဆုံးမှာတော့ သားငယ်လေးကိုပါ လှည်းပေါ်တင်ခေါ်လာခဲ့ရတယ်။ သုသာန်ရောက်တော့ လှည်းကိုခဏနားပြီး ဖခင်ဖြစ်သူဟာ ချုံကွယ်တစ်နေရာမှာ မြေကျင်းတူးနေတယ်။

သားငယ်လေးက...

'အဖေ ဘာလုပ်ဖို့ မြေကျင်းတူးနေရတာလဲ၊ ဒီနေရာမှာ စားစရာ ပိန်းဥ၊ တံတွေးဥတွေလည်း မရှိပါဘူး'

ဆိုပြီး မသိချင်ယောင်ဆောင် မေးမြန်းကြည့်တယ်။

'လူကလေး မင်းအဘိုးဟာ အိုမင်းမစွမ်းဖြစ်နေပြီ၊ လူပြည်မှာလည်း ကြာကြာနေရတော့မှာ မဟုတ်တော့ဘူး၊ မင်းအဘိုး အိုနာဆင်းရဲဒုက္ခဘေးက လွတ်သွားအောင် မြေကြီးထဲမြှုပ်သတ်မလို့'

မြေတူးနေတဲ့ ဖခင်က ရှင်းပြလိုက်တယ်။

'အဖေ... အဖေဟာ သိပ်မိုက်ပါလား၊ အင်မတန် စက်ဆုပ်ဖွယ်ကောင်းတဲ့၊ အပြစ်ကြီးလေးလွန်းတဲ့၊ ယုတ်မာလွန်းတဲ့၊ အဖေသတ်တဲ့ အလုပ်ကြီးကို လုပ်မယ်လို့ ကြံစည်နေပါပေါ့လား၊ ကဲ... ပေး... ပေး...၊ အဖေ့လက်ထဲက ပေါက်တူး'

လို့ပြောဆိုကာ အဖေ့လက်ထဲက ပေါက်တူးကို လှမ်းယူလိုက်တယ်။ နောက် သူ့ဖခင်တူးနေတဲ့ ကျင်းနံဘေးမှာ အခြားမြေကျင်းတစ်ကျင်းကို တူးနေပါတော့တယ်။

'အဖေလည်း အသက်ကြီးနေပြီလေ၊ ဒါကြောင့် အဖေ့ကိုသတ်ပြီး မြေမြှုပ်ပစ်မလို့၊ အဖေလုပ်သလိုပေါ့၊ ဒါကြောင့် အဖေ့ကိုလည်း သား သတ်ရပါမယ်'

လို့ သားငယ်က အေးအေးဆေးဆေး ပြန်ပြောလိုက်တယ်။

'ဒီလို မပြောရ၊ မလုပ်ရဘူး သားငယ်လေးရဲ့၊ သားပြောတာတွေဟာ အဖေ့အတွက် အကျိုးမရှိဘူး၊ ထိခိုက်နစ်နာပြီး အကျိုးမဲ့သာ ဖြစ်တယ်၊ ငါစိတ်ချမ်းသာနေတာကို မင်းမကြည့်ချင်ဘူးလား'

'အဖေ့အကျိုးပျက်အောင်၊ ယုတ်အောင်၊ နစ်နာအောင် သားမလုပ်ချင်ပါဘူး၊ အဖေကောင်းစားတာကိုသာ သားမြင်ချင်ပါတယ်၊ ဒါကြောင့်မို့ အပါယ်ငရဲကို ဧကန်မလွဲကျမည့် အမိအဖကို သတ်ခြင်းဆိုတဲ့ ကြီးလေးတဲ့အပြစ်ကို မကျူးလွန်ချင်ပါနဲ့လို့ အနူးအညှတ်တောင်းပန်လိုပါတယ်၊ မိဘနှစ်ပါးကို လုပ်ကျွေးသူတွေဟာ သေလွန်ပြီးတဲ့နောက် ကောင်းရာဘုံဘဝတွေ ရောက်ကြရပါတယ်'

သားဖြစ်သူရဲ့ စကားကို ကြားလိုက်ရတဲ့အခါ ဖခင်ဖြစ်သူရဲ့ စိတ်ထားတွေ တစ်မျိုးပြောင်းသွားရတယ်။

'မင်းပြောတာ ဟုတ်တယ်၊ ငါ့သား အတော်လိမ္မာတာပဲ၊ အဖေ မှားတယ်၊ တော်တော်ကြီးကို မိုက်ခဲ့တာပဲ'

'ဒီလိုဆိုရင် အိမ်မှာကျန်ရစ်ခဲ့တဲ့ စိတ်ထားပုပ်တဲ့ အမေကိုလည်း နောင်ကြဉ်သွားအောင် လိမ္မာသွားအောင် ဆုံးမပေးမှ ဖြစ်မယ်၊ အဖေကိုယ်တိုင် သူ့ကိုအိမ်ပေါ်က နှင်ချပစ်သင့်တယ်'ဆိုပြီး သားငယ်က ထပ်မံ အကြံပြုလိုက်ပြန်တယ်။

♥

အဘိုး၊ သား၊ မြေးသုံးဦးသား လှည်းတစ်စီးနဲ့ အိမ်ပြန်ရောက်လာကြတယ်။ လှည်းပေါ်မှာ ငုတ်တုတ်ကြီးပြန်ပါလာတဲ့ ယောက္ခမကြီးကို မိန်းမက တွေ့လိုက်ရတော့ စိတ်တိုသွားတယ်။ ဆီးကြိုပြီး ရန်တွေ့လိုက်တယ်။

'တော်တော်အသုံးမကျတဲ့ ယောကျ်ားပါလား၊ အိမ်က ထွက်သွားပြီးသား ကျက်သရေယုတ်တဲ့ဟာကြီးကို ဘာဖြစ်လို့ အိမ်ထဲပြန်သွင်းလာရတာလဲ၊ သွားကြ၊ သွားကြ၊ ဘယ်သူ့ကိုမှ မကြည့်ချင်ဘူး'

'အယုတ်တမာမ...နင်သာ အိမ်ပေါ်က ဆင်းတော့၊ ငါတို့သားအဖသုံးယောက်တည်း အိမ်မှာနေတော့မယ်'

ဆိုပြီး ယောကျ်ားဖြစ်သူက မိန်းမကို ရိုက်ပုတ်၊ ခြေထောက်နဲ့ကန် နှင်ချလိုက်တယ်။

မိန်းမဖြစ်သူဟာ သူတစ်ပါးအိမ်မှာ စိတ်ဆင်းရဲစွာ ကပ်ရပ်မှီခိုစားသောက်နေရတယ်။ နှစ်ရက်သုံးရက် ကြာတဲ့အခါမှာ သားငယ်က အကြံထပ်ပေးလိုက်ပြန်တယ်။

'အဖေရေ...အမေ ဒီထက်ပိုပြီး စိတ်ဆင်းရဲသွားအောင် ပညာပေးရဦးမယ်၊ သူမရှိလည်း ဖြစ်တယ်ဆိုတဲ့သဘော၊

ဟိုဘက်ရွာက အဖေဦးရီးသမီးကိုခေါ်ယူပြီး အိမ်မှာထားပေးပါ'

ဖခင်ဖြစ်သူ တစ်ဖက်ရွာကို ထွက်သွားတဲ့အချိန်မှာ အိမ်ပေါ်က နှင်ချခံထားရတဲ့ မိခင်ဟာ သားဆီ ငိုယိုကာ ပြေးလာတယ်။

သားငယ်ရဲ့ ခြေအစုံကိုဖက်ပြီး…

'ငါ့သားလေးရယ် အမေမှားပါတယ်၊ အမေ့မှာ အားကိုးစရာဆိုလို့ သားလေးတစ်ယောက်ပဲ ရှိပါတယ်၊ အမေ့ကို သည်းခံခွင့်လွှတ်ပါ၊ ခုချိန်ကစပြီး ငါ့သားလေးကိုရော၊ မင်းအဖေကိုရော၊ မင်းအဘိုးကိုရော ဘုရားတစ်ဆူ ဂူတစ်လုံးလို သဘောထားပါမယ်၊ ကောင်းကောင်းမွန်မွန် နေထိုင်ကာ တာဝန်ကျေပွန်အောင် ရိုရိုသေသေ ပြုစုလုပ်ကျွေးနေပါတော့မယ်'

လို့ တောင်းပန်လိုက်တယ်။

'ကောင်းပါပြီ အမေ၊ သားဆောင်ရွက်ပေးပါမယ်'

သားဖြစ်သူဟာ တစ်ဖက်ရွာကို ထွက်သွားတဲ့ အဖေကို သွားပြန်ပြီး ခေါ်လိုက်တယ်။ နောက်ပြီး သူ့အမေကိုလည်း အဖေနဲ့အဘိုးတို့ကို ရှိခိုးကန်တော့စေတယ်။ ဝန်ချတောင်းပန်စေတယ်။ အဘိုးနဲ့အဖေကလည်း တစ်ကြိမ်တစ်ခါမှားယွင်း

တာ လူ့ဓမ္မတာပါပဲလေလို့ သဘောထားပြီး ကြည်ဖြူစွာ ခွင့်လွှတ်လိုက်ကြတယ်။

အဲဒီအချိန်ကစပြီး မိသားစုဟာ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး စိတ်ချမ်းသာစွာ နေထိုင်သွားကြပါတော့တယ်။

သင်ခန်းစာ

လူဆိုတာ မှားကြမှာဖြစ်တယ်။ "ပညာရှိ သတိဖြစ်ခဲ" ဆိုသလို အသက်အရွယ်ကြီးရင့်နေသူဖြစ်စေကာမူ မိမိထက် ငယ်ရွယ်သူရဲ့ သတိပေးစကားကို မပစ်ပယ်သင့်ပါဘူး။ တရား နဲ့ညီတဲ့ စကားဆိုရင် လက်ခံကြရမှာဖြစ်ပါတယ်။

(တက္ကသောတ်)

* * *

အပြီးအလွန်ရှည်တဲ့ ကျားသစ်

ရှေးအခါက ဆိတ်မတစ်ကောင်ဟာ တောထဲမှာအဖော်ကွဲပြီး ယောင်လည်လည်နဲ့ ဟိုဒီလျှောက်သွားနေတယ်။ စိတ်ရောကိုယ်ရော ပင်ပန်းနွမ်းနယ်နေတယ်။ အဲဒီလို အချိန်မျိုးမှာ ကျားသစ်တစ်ကောင်နဲ့ ပက်ပင်းတိုးခဲ့ရပြန်တယ်။ လွတ်အောင်ပြေးထွက်ဖို့ရာ ခွန်အားကလည်း မရှိတော့ဘူး။ ဒီတော့ အသက်ဘေးကလွတ်အောင် တောင်းပန်တိုးရှိုး စကားဆိုနေရရှာတယ်။

"ဟော... ဦးရီးသစ်ပါလား၊ နေကောင်းတယ်နော်၊ အမေကတောင် ဦးရီးတစ်ယောက် ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းနေပါသေးတယ်၊ တကယ်တော့ ကျွန်မလည်း ဦးရီးကို ကျန်းမာချမ်းသာစေလိုပါတယ်"

ဆိုပြီး ဆိတ်မကလေးဟာ ကျားသစ်ကြီးကို ပျူပျူ ငှာငှာ ပြောဆိုနှုတ်ဆက်ရှာတယ်။

'ဟဲ့...ဆိတ်မ၊ နင့် ငါ့အမြီးကို တက်နင်းလာတယ် မဟုတ်လား၊ ခုမှလာပြီး ပလီပလာ လုပ်မနေနဲ့၊ နင့် အသက်ကို ချမ်းသာမပေးနိုင်ဘူး'

ကျားသစ်က ဆိုလိုက်တယ်။ အဲဒီအခါ ဆိတ်မကလေး ဟာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ကာ...

'ဦးရီးရဲ့ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်အရပ်ကနေ ကျွန်မလာခဲ့တာပါ၊ ဦးရီးရဲ့ ခန္ဓာကိုယ် နောက်ပိုင်းမှာ အမြီးက ရှိနေတာဆိုတော့ ကျွန်မဘယ်လိုလုပ် တက်နင်းခဲ့မှာလဲ၊ စဉ်းစား ကြည့်ပါဦး ဦးရီးသစ်ရယ်'

ကမန်းကတန်း ပြန်ပြောလိုက်တယ်။

'ဟ...ငါ့အမြီးက အရှည်ကြီးကွ၊ ကျွန်းကြီးလေးကျွန်း မှာရှိတဲ့ သမုဒ္ဒရာ ရေမြေတောတောင်အနှံ့ ဘယ်လိုပဲ ခြေဆန့် ဆန့် ဒေသတိုင်းမှာ ငါ့အမြီးရှိနေတယ်၊ နင့်ဘာသာနင် ဘယ် အရပ်ကလာလာ၊ ငါ့အမြီးကို နင်းမိမှာပဲ'

'ဟုတ်ပါတယ်၊ ဦးရီးရဲ့ အမြီးသိပ်ရှည်တဲ့အကြောင်း အဖေတို့ အမေတို့ ပြောပြထားလို့ ငယ်ငယ်ကတည်းက ကြား

ဖူးနေပါတယ်၊ ဒါကြောင့်မို့ ခုလည်း ဦးရီးအခြီးကို တက်နင်း မိမှာစိုးတာနဲ့ မြေပြင်ပေါ်ကိုတောင် နင်းမလာဘူး၊ ကောင်းကင်ခရီး ဝေဟင်ယံကနေ လာခဲ့တာပါ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါကြောင့်ဖြစ်မယ်၊ မိုးပေါ်မှာ လမ်းလျှောက်နေတဲ့ ဆိတ်မကိုမြင်ပြီး ငါ့ရဲ့အစားအစာ သားကောင်တွေ ကြောက်လန့်ထွက်ပြေးကုန်ကြတာကိုး၊ နင်ဟာငါ့ကို ဒုက္ခပေး နှောင့်ယှက်သူသာဖြစ်တယ်'

ဆိတ်မလေးက ပြေလည်အောင် နည်းအမျိုးမျိုးသုံးကာ ကြိုးစားတောင်းပန်ပြောဆိုနေပေမယ့် မအောင်မြင်ပါဘူး။ နိဂိုစိတ်ရင်းသဘောထားကိုက ခက်ထန်ကြမ်းတမ်းပြီး သားကောင်တွေ့ရင် အလွတ်မပေးဘဲ ကိုက်သတ်စားသောက်ပစ်မယ်လို့ ကျားသစ်ဟာ ဆုံးဖြတ်ထားပြီးဖြစ်တယ်။ ဆိတ်မကလေးပေါ်သနားညှာတာစိတ် နည်းနည်းကလေးမှ မရှိပါဘူး။ အဲဒီတော့ ဆိတ်မကလေး ဘယ်လိုပင် အသနားခံ ပြောနေစေကာမူ သူ့နားထဲမဝင်ပါဘူး။ ဆိတ်မလေးကို ရက်ရက်စက်စက် ကိုက်သတ် စားသောက်ပစ်လိုက်ပါတယ်။

သင်ခန်းစာ

ကြမ်းတမ်းယုတ်မာပြီး၊ မကောင်းမှုကျူးလွန်နေသူ၊ မကောင်းမှုပြုလုပ်ဖို့ ထန်မလေးသူတစ်ယောက်နဲ့ တွေ့ရင် သူနဲ့ ဝေးရာကို ရှောင်ကွင်းသွားရမှာ ဖြစ်တယ်။ သူ့ကို ချစ်ခင်နှစ်သက်ဖွယ်ရာ ချီချီသာသာစကားတွေ၊ အကျိုးအကြောင်းပြစကားတွေ ပြောပြနေလည်း အဓိပါပဲ။ သူနားထဲဝင်မှာ မဟုတ်ဘူး။

(ဒီဝိစာတ်)

⁂ ⁂ ⁂

မြေခွေးစကား ပုဏ္ဏားယုံ

ဗာရာဏသီပြည့်ရဲ့ နက္ခတ်သဘင်ပွဲတော်။

လူတွေဟာ ဝတ်ကောင်းစားလှတွေဝတ်ပြီး ပျော်ပွဲရွှင်ပွဲကို ကြည့်နေကြတယ်။ ပွဲဈေးတန်းတွေမှာ လျှောက်လည်နေကြတယ်။ ဗာရာဏသီတစ်မြို့လုံး မီးရောင်တွေ ဝင်းထိန်ကာ စည်ကားသိုက်မြိုက်နေတယ်။ သေရည်သေရက်ကို သောက်သုံးကာ ဇိမ်ယူနေကြသူတွေရှိသလို အော်ဟစ်သီချင်းဆိုနေကြသူတွေ၊ ဗုံတီးစောင်းတီးကာ ပျော်နေကြသူတွေလည်းရှိတယ်။

မြို့သူမြို့သားတွေဟာ နက္ခတ်ပူဇော်တဲ့အနေနဲ့ လမ်းဆုံလမ်းမတွေမှာ အိုးကင်းငယ်လေးတွေ ချထားကြတယ်။ အိုးကင်းတွေထဲမှာ စားစရာအမဲသား၊ ငါးနဲ့ သောက်စရာ သေရည်

တွေကို ထည့်ထားကြတယ်။

ညအခါရောက်တော့ ‘တောထဲမှာနေတဲ့ မြေခွေးတစ်ကောင်ဟာ မြို့အုတ်ရိုးမှာရှိနေတဲ့ ရေထွက်ပြွန်ခေါင်းထဲကတစ်ဆင့် မြို့ထဲကို တိတ်တဆိတ် ဝင်ရောက်လာခဲ့တယ်။ လူတွေ ပူဇော်ထားတဲ့ စားသောက်စရာတွေကို ဗိုက်ကားအောင် လှည့်လည်စားသောက်နေတယ်။ ဗိုက်လည်းဝ၊ သေရည်လည်း ယစ်လာတဲ့အချိန်မှာ ချုံကွယ်တစ်ခုထဲ ဝင်အိပ်နေလိုက်တယ်။ တစ်ခဏအတွင်းမှာ လောကကြီးကို မှောက်ကာ တရှူးရှူးနဲ့ အိပ်ပျော်သွားပါတော့တယ်။ သေရည်ကလည်း မူးနေတော့ အိပ်ကောင်းကောင်းနဲ့ အိပ်ပျော်နေလိုက်တာ တော်တော်နဲ့ ပြန်မနိုးတော့ဘူး။ ညတွင်းချင်း မြို့ပြင်ပြန်ထွက်ဖို့ရာရှိနေပေမယ့် မိုးစင်စင်လင်းမှ နိုးလာတော့ တယ်။ မိုးလင်းပြီဆိုတာနဲ့ လူတွေဟာ မြို့တွင်းမှာ ဥဒဟို သွားလာနေကြပြီ။ မြေခွေးတစ်ကောင် ဖြတ်ပြေးလာတာ မြင်လို့ကတော့ ဝိုင်းရိုက်ကြမှာ အစအနတောင်ရှာရမှာ မဟုတ်တော့ဘူး။ ဒီတော့ မြေခွေးဟာ အိပ်ရာကနိုးပေမယ့် ချုံပုတ်ထဲမှာပဲ ဆက်ပုန်းနေရတယ်။ ဘယ်လိုလုပ်ပြီးဘေးမသီရန်မခဘဲနဲ့ မြို့ပြင်ထွက်ရမယ်ဆိုတာကို စဉ်းစားအကြံထုတ်နေတယ်။

အဲဒီအချိန်မှာ အိတ်မှုန်စုန်မွားနဲ့ မျက်နှာသစ်ပို့ အပြင်ထွက်လာတဲ့ ပုဏ္ဍားတစ်ယောက်ကို မြင်တွေ့လိုက်ရတော့ မြေခွေး ပျော်သွားတယ်။ ပုဏ္ဍားဆိုတာ ငွေကိုငမ်းငမ်းတက်မက်တဲ့ အမျိုး၊ ကပ်စေးနဲ့တွေ၊ ဒီပုဏ္ဍားကို ဥစ္စာကားပြောပြီး မြှူဆွယ်ရမယ်လို့ အကြံဖြစ်ပေါ်လာတယ်။

မြေခွေးဟာ ပုဏ္ဍားအနားကပ်သွားပြီး တိုးတိုးကလေး ပြောပြတယ်။

"မိတ်ဆွေပုဏ္ဍား ကျုပ်မှာ အသပြာနှစ်ရာရှိပါတယ်၊ သင်လုံချင်တယ်ဆိုရင် ဒီလိုလုပ်ပါ၊ ကျုပ်ကို သင့်ရဲ့ချိုင်းအောက်မှာ ညှပ်ပြီးဝှက်ကာ လူတွေမမြင်အောင် မြို့ပြင်ကိုထုတ်ပေးပါ၊ ကျုပ်မြို့ပြင်ရောက်တာနဲ့ သင့်ကို အသပြာနှစ်ရာပေးပါမယ်"

တစ်ခါတည်း ပြောလိုက်ရတယ်။ ပုဏ္ဍားက သဘောတူလက်ခံလိုက်တယ်။ ပုဏ္ဍားဟာ မြေခွေးကို ကောက်ယူပွေ့ကာ သူ့ခန္ဓာကိုယ်ထဲဝှက်ပြီး မြို့ပြင်ကို သယ်ဆောင်သွားတယ်။ မြို့နဲ့ အတန်အလှမ်းဝေးတဲ့ သုသာန်မှာ မြေခွေးကို ချပေးလိုက်တယ်။

ပုဏ္ဍားက မြေခွေးသီက အသပြာနှစ်ရာတောင်းတယ်။

မြေခွေးက...

"အသင်ပုဏ္ဍား ဥစ္စာထည့်ရန် သင့်ရဲ့ကိုယ်ရုံပုဆိုးဖြူ

ကို ဒီနေရာမှာ ဖြန့်ခင်းထားလိုက်ပါ၊ ဟို အပင်ခြေရင်းမှာ မြှုပ်နှံထားတဲ့ ကျွန်ုပ်ရဲ့ အသည်းနှစ်ရာကို သင်တူးဖော်ယူပါလေ့'

လို့ပြောဆိုကာ နီးရာသစ်ပင်တစ်ပင်ကို ညွှန်ပြလိုက်တယ်။

လောဘကြီးတဲ့ ပုဏ္ဏားဟာ ဘာမှစဉ်းစားမနေတော့ဘူး။ ကိုယ်ရံပုဆိုးဖြူကိုချွတ်ကာ ဖြန့်ခင်းထားလိုက်တယ်။ နောက် သစ်ပင်ခြေရင်းသွားကာ မြေတွေကိုတူးဆွနေလိုက်တယ်။

ပုဏ္ဏားအဝေးရောက်နေချိန်မှာ မြေခွေးမ... ပုဏ္ဏား၏ ဝတ်ရုံဖြူပေါ်တက်ပြီး ကျင်ကြီးကျင်ငယ်တွေ အားရပါးရ စွန့်ချကာ တောထဲ အမြန်ပြေးဝင်သွားတယ်။ ပုဏ္ဏားရဲ့ ဝတ်ရုံဖြူဟာ အညစ်အကြေးတွေ ပေကျံကာ မြင်မကောင်းတော့ဘူး။ နံစော်လည်းနေတယ်။ ပုဏ္ဏားကတော့ သစ်ပင်ခြေရင်းမှာ ချွေးတလုံးလုံးနဲ့ မြေကို တူးဆွနေဆဲဖြစ်တယ်။

သုသာန်တောထဲမှာရှိနေတဲ့ ရက္ခစိုး နတ်တစ်ပါးက အမြင်မတော်တာနဲ့ ပြောဆိုသတိပေးလိုက်တယ်။

'ပုဏ္ဏား... သင်ဟာ တယ်မိုက်မဲပါလား၊ အရက်မူးသမား တောမြေခွေးရဲ့ စကားကိုတောင် ယုံတယ်နော်၊ အဲဒီမြေခွေးမှာ အသည်းနှစ်ရာမခိုထားနဲ့၊ ယောက်သွားခွံတစ်ရာ

တောင်မရှိဘူး၊ မင်း အလိမ်အညာခံရတာ၊ အပိုအလုပ်တွေ လျှောက်လုပ်မနေနဲ့၊ သွား…သွား၊ ကိုယ့်ပုဆိုးကိုပြန်လျှော် ချေဦး၊ ကိုယ်တိုင်လည်း ရေချိုးပြီး လုပ်စရာရှိတဲ့ ကိုယ့်အလုပ် ကိုသာ ဆက်လုပ်တော့'

ပုဇွန်းဟာ စိတ်လက်မကြည်မသာနဲ့ ခေါင်းငိုက်စိုက် ချကာ မြို့ထဲပြန်ဝင်သွားပါတော့တယ်။

သင်ခန်းစာ

လောဘစိတ် ထိပ်တက်လာလျှင် မှားတတ်ပါတယ်။ လောဘက ဖုံးကွယ်ထားတော့ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ကျိုးကြောင်း ဆင်ခြင်နိုင်စွမ်း ကွယ်ပျောက်သွားရတတ်ပါတယ်။ နောက်ပြီး လောဘရှိနေပြီဆိုရင် အလိမ်အညာခံရတော့မယ်ဆိုတာကို မှတ် ထားသင့်ကြပါတယ်။

ခုမှတွေ့တဲ့လူ၊ ဘယ်ကမှန်းမသိတဲ့လူစိမ်း၊ သေရည် သောက်စားမူးယစ်ထားသူရဲ့ စကားဟာ ယုံကြည်စရာမဟုတ် ပါဘူး။

(သိင်္ဂါလဇာတ်)

❋ ❋ ❋

သီလနဲ့ ပညာ

ဟိုးရှေးအခါက ကောသလတိုင်းကို အုပ်ချုပ်နေတဲ့ ကောသလမင်းကြီးမှာ အကျင့်သီလ၊ အသိဉာဏ်ပညာ အမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပုရောဟိတ်ပုဏ္ဏားကြီးတစ်ယောက် ရှိတယ်။ မင်းကြီးဟာ ပုရောဟိတ်ပုဏ္ဏားကြီးကို အလွန်ချစ်ခင်နှစ်သက် မြတ်နိုးတာကြောင့် သူတကာတွေထက် ပိုမိုချီးမြှောက်ထားတယ်။ တစ်နေ့မှာ…

'မင်းကြီးဟာ ငါ့အပေါ်ကို သူတကာတွေထက် ပိုမိုမြတ်နိုးတယ်၊ သူတကာတွေထက် ပိုမိုချီးမြှောက်တယ်၊ အဲဒါ ငါ့ရဲ့ အကျင့်သီလကို သဘောကျလို့လား၊ ငါ့ရဲ့ ဉာဏ်ပညာကို သဘောကျလို့လားဆိုတာ ငါမသိရဘူး၊ ဘာ့ကြောင့်လဲဆိုတာ သိရအောင် ငါလုပ်ဦးမှပဲ'

ဆိုပြီး ပုရောဟိတ်ပုဏ္ဏားကြီးဟာ စိတ်ကူးလိုက်တယ်။

အဲဒီလို စိတ်ကူးလိုက်ပြီးတဲ့နောက် မင်းကြီးထံခစားပြီး နန်းတော်က အပြန်လမ်းမှာ ရွှေပန်းထိမ်သည်တစ်ယောက်ရဲ့ အလုပ်ခုံပျဉ်ချပ်ပေါ်က ငွေအသပြာကို ကောက်ယူလိုက်တယ်။ ဘယ်သူ့ကိုမှလည်း ခွင့်မတောင်းဘူး။ အသိလည်း မပေးဘူး။ မပြောမဆိုဘဲကောက်ယူလာခဲ့တယ်။ ရွှေပန်းထိမ်ဆရာကလည်း မိမိတို့ လေးစားကြည်ညိုနေတဲ့ မင်းရဲ့ပုရောဟိတ်ကြီးဆိုတော့ ဘာမျှမပြောဆိုဘူး။ ဒီအတိုင်းပဲ ကြည့်နေလိုက်တယ်။

နောက်နေ့မှာလည်း ဒီပုံစံအတိုင်း လုပ်ပြန်တယ်။ ရွှေပန်းထိမ်သည်က သည်းခံပြီး နေလိုက်ပြန်တယ်။

တတိယမြောက်နေ့မှာလည်း ပုရောဟိတ်ပုဏ္ဏားကြီးက ဒီပုံစံအတိုင်း ဆက်လုပ်ပြန်တယ်။ တတိယအကြိမ်ဖြစ်လာတော့ ရွှေပန်းထိမ်သည်ဟာ သည်းခံမနေတော့ဘူး။ သူခိုး...သူခိုးလို့ အော်ဟစ်ကာ ဝိုင်းဝန်းဖမ်းဆီးရိုက်နှက်လိုက်ကြတယ်။ ပုဏ္ဏားကြီးကို မင်းထံ ပို့ဆက်လိုက်ကြတယ်။

ပုရောဟိတ်ပုဏ္ဏားကြီးရဲ့အဖြစ်ကို မြင်လိုက်ရတဲ့ မင်းကြီးဟာ စိတ်မကောင်းဖြစ်သွားခဲ့ရတယ်။ ဒါပေမဲ့ ဖြောင့်မတ်တဲ့ မင်းပီပီ သူခိုးကေန်မှန့်ပါက ထိုက်သင့်တဲ့ ပြစ်ဒဏ်ကျခံစေလို့

အဓိန့်တော် ချမှတ်လိုက်တယ်။

အဲဒီအခါကျမှ ပုရောဟိတ်ပုဏ္ဏားကြီးက မင်းကြီးထံ အဖြစ်မှန်ကို လျှောက်တင်လိုက်တယ်။

"အရှင်မင်းကြီး... ကျွန်ုပ်ဟာ သူခိုးမဟုတ်ပါဘူး၊ ရွှေပန်းထိမ်သည်ဆီက ယူလာခဲ့တဲ့ အသပြာတွေ ကျွန်ုပ်ဆီမှာ ဒီအတိုင်းရှိနေဆဲဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့ ဆန္ဒကို အဖြေသိချင်လို့ စမ်းသပ်စုံစမ်းခြင်းသာ ဖြစ်ပါတယ်၊ ကျွန်ုပ်ကို အရှင်မင်းကြီးက သူတကာတွေထက် ချစ်ခင်မြတ်နိုးနေတာ၊ သူတကာတွေထက် ပိုမိုချီးမြှောက်နေတာတွေဟာ ကျွန်ုပ်ရဲ့ သီလကြောင့်လား၊ ကျွန်ုပ်ရဲ့ ပညာကြောင့်လားဆိုတာကို ခွဲခြားသိချင်နေလို့ ပါ၊ ခုတော့ ရှင်းလင်းစွာ သိရပါပြီ၊ အရှင်မင်းကြီး ကျွန်ုပ်ကို ချစ်ခင်မြတ်နိုးနေတာ ကျွန်ုပ်ရဲ့သီလကြောင့်ဆိုတာ ပေါ်လွင်ထင်ရှားသွားပါပြီ၊ သီလပျက်တဲ့ ခိုးမှု ကျွန်ုပ်ကျူးလွန်ရင်၊ ကျွန်ုပ်ရဲ့ ဉာဏ်ပညာက ကယ်မပေးနိုင်ဘူးဆိုတာလည်း သိခဲ့ရပါပြီ၊ ကျွန်ုပ်ရဲ့ သီလကို ပိုမိုမြင့်မြတ်ကောင်းမွန်လာအောင် ရဟန်းပြုပြီး ကျင့်ကြံအားထုတ်လိုပါတယ်၊ ဒါကြောင့် ပုရောဟိတ်ပုဏ္ဏားအဖြစ်မှ အနားယူခွင့် ပေးသနားစေချင်ပါတယ်"

မင်းကြီးဟာ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံပြီး ပုရော

ဟိတ်ပုဏ္ဏားကြီးကို ခေါ်ယူကာ မြတ်စွာဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ပေးခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ထံမှောက်မှာ ရဟန်းပြုပေးခဲ့ပါတယ်။

ပုရောဟိတ်ကြီးဟာ ရဟန်းပြုပြီး မကြာမီမှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားခဲ့ရပါတယ်။

သင်ခန်းစာ

သီလနဲ့ပညာမှာ သီလက အခြေခံပဓာနကျပါတယ်။ ပညာနှင့်ပြည့်စုံသော်လည်း သီလနဲ့မပြည့်စုံသူကို လူရှင်အများ မှီဝဲဆည်းကပ်ခြင်းမပြုကြပါဘူး။ သီလနဲ့ပြည့်စုံသူကိုသာအများက ကြည်ညိုအားထားကိုးကွယ်ကြပါတယ်။

(သီဝလိမ်သဏ္ဌာတ်)

* * *

ဝက်ခေါင်းနဲ့ လူ

ဤကမ္ဘာမြေပေါ်မှာ သတ္တဝါမျိုးစုံ နေထိုင်လျက်ရှိကြပါတယ်။ မိမိတို့ရဲ့ ကုသိုလ် အကုသိုလ် အကျိုးဆက်များအရ ရုပ်ဆင်းအင်္ဂါတွေဟာ ပုံစံအမျိုးမျိုး ဖြစ်တည်နေကြပါတယ်။ မိမိမမြင်ဖူး၊ မကြားဖူးသေးတဲ့ အထူးထူး အဆန်းဆန်းသော သတ္တဝါတွေ များစွာ ရှိနေကြပါတယ်။

တစ်ခါက ရွှေရောင်တဝင်းဝင်းနဲ့ သတ္တဝါတစ်ကောင် ရှိခဲ့တယ်။ ခန္ဓာကိုယ်အောက်ပိုင်းက လူဖြစ်ပြီး၊ ခေါင်းပိုင်းက ဝက်ခေါင်းဖြစ်နေတယ်။ လူလည်းမဟုတ် ဝက်လည်းမဟုတ် ဘာသတ္တဝါလို့ခေါ်ဆိုရမှန်းတောင် မသိကြပါဘူး။ အဲဒီသတ္တဝါ

ကို ဂိန္ဒကုဋ္ဌကောင်နဲ့ ရာဇဂြိုဟ်မြို့အကြား လမ်းတစ်နေရာမှာ အရှင်နာရဒဟာ ဆွမ်းခံရင်း လျှပ်တစ်ပြက် တွေ့ရှိခဲ့ရတယ်။ ရွှေရောင်တဝင်းဝင်းနဲ့ ထူးဆန်းတဲ့ သတ္တဝါကြီးဟာ ဒယီးဒယိုင်နဲ့ အရှင့်ဆီ ဦးတည်လာနေတယ်။ အရှင်နာရဒရဲ့ စိတ်ထဲမှာတော့ ဘာကြီးလဲဆိုပြီး တအံ့တသြနဲ့ စူးစိုက်ကြည့်နေမိတယ်။ သတ္တဝါကြီးဟာ အနားရောက်တဲ့အခါမှာ အရှင်နာရဒကို လက်အုပ်ချီ ဦးညွတ်အရိုအသေပေးလိုက်တယ်။

အဲဒီအခါကျမှ အရှင်ရဲ့စိတ်ဝမ်း အေးချမ်းသွားပါတော့တယ်။

အနီးကပ်ရောက်နေတဲ့ သတ္တဝါကြီးကို အရှင်ဟာ သေချာစွာ တွေ့မြင်လိုက်ရပြီး…

'ဘာဖြစ်လို့များ ဒီလိုဘဝမျိုး ရောက်နေရတာလဲ'

လို့ စူးစမ်းမေးကြည့်လိုက်တယ်။

'အရှင်မြတ်ဘုရား၊ အရှင့်ကို ရိုသေလို့ တပည့်တော် ဖြစ်ကြောင်းကုန်စင် လျှောက်တင်ပါတော့မယ်၊ တပည့်တော်ဟာ ကဿပမြတ်စွာဘုရားရှင် ရှေ့လက်ထက်တော်အခါတုန်းက အရှင်မြတ်တို့လို ရဟန်းတစ်ပါးဖြစ်ခဲ့ပါတယ်။ ရဟန်းဘဝမှာ

တံပည့်တော်ဟာ ကာယကံနဲ့ ပတ်သက်ပြီး မဲ့တစ်ပေါက်မျှ မစွန်းထင်းအောင် စောင့်ထိန်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နှုတ်ဝစီကံကိုတော့ လုံခြုံအောင် မစောင့်စည်းနိုင်ခဲ့ပါဘူး။ တပည့်တော်ဟာ ပုထုဇဉ်ဖြစ်တဲ့အတွက် စိတ်တို စိတ်ဆတ်ပါတယ်။ ဆတ်ဆတ်ထိမခံတဲ့ ဆတ်ဆတ်ကြဲထဲက ဖြစ်ပါတယ်။ သည်းခံမှုအားပျော့ပြီး ဒေါသစရိုက် အားကြီးခဲ့ပါတယ်။ မိမိရဲ့စိတ်နဲ့မတွေ့ရင် ထေရ်ကြီးဝါကြီးတွေအပေါ်ကိုတောင် ချမ်းသာမပေးပါဘူး။ ကြမ်းတမ်းစွာ ဆဲရေးပြောဆိုခဲ့မိပါတယ်။

တပည့်တော်ရဲ့ သီလကောင်းမှုကြောင့် အသားအရေဟာ ရွှေလိုဝင်းပြီး အရပ်ထက်ဝန်းကျင် တောက်ပလင်းထိန်နေရပါတယ်။ အာကြမ်းလျှာကြမ်းခဲ့တာကြောင့် ဦးခေါင်းပိုင်းဟာ ဝက်နဲ့တူနေရပါတယ်ဘုရား။ အခုဆိုရင် တပည့်တော်ဟာ ငရဲမှလွတ်မြောက်လာခဲ့ပြီးဖြစ်ပါတယ်။ အကုံသိုလ် ကံကြွင်းကမကုန်သေးတော့ ခုလို ပြိတ္တာဘဝ ရောက်နေရတုန်းပါ။ နှုတ်သရမ်းခဲ့မိတဲ့ဒဏ်ကို လှလှကြီး ခံနေရသူတစ်ဦးပါ ဘုရား။

အရှင်ဘုရားကိုလည်း တပည့်တော်လို အဖြစ်မျိုး ရောက်မှာစိုးလို့ မိမိရဲ့သိက္ခာပုဒ်များကို မပြောက်မကျား၊ မကျိုး

ပေါက်ရအောင် စောင့်ထိန်းပါလို့ သတိပေးပါရစေ'

ဆိုပြီး ပျောက်ကွယ်သွားပါတယ်။

အရှင်နာရဒဟာ များစွာထိတ်လန့်တုန်လှုပ်သွားပြီး သတိသံဝေဂတွေ ကြီးစွာဖြစ်ပေါ်လာရတယ်။ တခြားသူတွေကို ပြောပြရင်လည်း မယုံကြည်နိုင်စရာမို့ ပြောပြမနေတော့ဘူး။ ပရိသတ်လေးပါး စုံလင်တဲ့အချိန်ကျမှ မြတ်စွာဘုရားထံ လျှောက်တင်လိုက်တယ်။

ကြားရသူအပေါင်း အံ့သြထိတ်လန့် ကုန်ကြတယ်။ မြတ်စွာဘုရားက...

'ချစ်သား နာရဒ...ဤသတ္တဝါများ ရှေးကပင် ငါတို့ခဲ့ဖူးပြီ'

ဟု မိန့်တော်မူလိုက်ပြီး ကိုယ်နှုတ်စောင့်ထိန်းခြင်းဆိုင်ရာ တရားများကို ဟောကြားပေးခဲ့ပါတယ်။

ပရိသတ်များစွာဟာ တရားသံဝေဂရရှိသွားကြပါတော့တယ်။

သင်ခန်းစာ

လူအပေါင်းနဲ့ ထိတွေ့ဆက်ဆံကြရာမှာ နှုတ်ထွက်စကား ချိုသာကြဖို့နဲ့ မိမိထက် အသက်ငယ်၊ သိလဝယ် ကြီးမြင့်သူတွေအပေါ် မထီလေးစား ဝိုက်ရိုင်းရင့်သီးစွာ ဆက်ဆံပြောဆိုခြင်း မပြုမိအောင် သတိထားဆင်ခြင်ထိန်းသိမ်းရမှာ ဖြစ်ကြောင်း သင်ခန်းစာအဖြစ် ထုတ်နုတ်ရယူကြရပါမယ်။

(သူကရမုခပေတဝတ္ထု)

* * *

ဖြစ်သမျှအကြောင်း အကောင်းချည်းသာ

ရှေးလွန်လေပြီးသောအခါက ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးရဲ့သားတော် 'ဃဋ္ဋ'မင်းသား ထီးနန်းစိုးစံနေတယ်။ တစ်နေ့မှာ နန်းတော်တွင်း ခစားနေတဲ့ အမတ်တစ်ယောက်ဟာ ပြစ်မှုတစ်ခုကို ကျူးလွန်တယ်။ အမှုဟာ ထင်ရှားပေါ်လွင်နေတာကြောင့် ပြစ်မှုကျူးလွန်တဲ့အမတ်ကို နန်းတော်မှ နှင်ထုတ်လိုက်တယ်။

နှင်ထုတ်ခံလိုက်ရတဲ့ အမတ်ဟာ ကောက်ကျစ်စဉ်းလဲသူဖြစ်တာမို့ အိမ်နီးနားချင်း သာဝတ္ထိပြည်က ဓက်မင်းထံသွားရောက်ခိုလှုံခစားနေလိုက်တယ်။ အမတ်ကြီးဟာ မိမိကို

ပြစ်ဒဏ်ပေးနှင်ထုတ်ခဲ့တဲ့ အရှင်သခင်အပေါ် မကျေမနပ်ဖြစ်နေတယ်။ ဃဋ္ဌမင်းကို ဖမ်းယူပြီး ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် သာဝတ္ထိမင်းကို အကြံပေးလျှောက်ထားလိုက်တယ်။

သာဝတ္ထိမင်းဟာ အကြံပေးချက်အတိုင်း ဃဋ္ဌမင်းကို ဖမ်းယူပြီး ဗာရာဏသီပြည်ကို သိမ်းပိုက်လိုက်တယ်။ ဃဋ္ဌမင်းကို သံခြေကျင်းခတ်ကာ နှောင်အိမ်အတွင်းမှ အကျဉ်းချထားလိုက်တယ်။

ဃဋ္ဌမင်းဟာ ဆုကြိုးပန် ပါရမီရှင် သူတော်ကောင်းတစ်ဦးဖြစ်တယ်။

နှောင်အိမ်ထဲမှ နေနေရတာကို ဆိတ်ငြိမ်အေးချမ်းတဲ့ တောတောင်ထဲက ဂူကြီးတစ်လုံးထဲရောက်နေရတယ်လို့ သဘောထားလိုက်တယ်။ မေတ္တာကမ္မဋ္ဌာန်းကို ကြိုးကုတ်အားထုတ်နေပါတော့တယ်။ သဒ္ဓါဝိရိယအား ပြင်းထန်လွန်းတာမို့ မကြာခင်မှာပဲ စျာန်ရသွားတယ်။

အဲဒီအခါမှာ တရားရဲ့ ထူးခြားမှုတန်ခိုးသတ္တိတွေ ပြလာတယ်။ သူ့ကို ဖမ်းဆီးနှောင်အိမ်သွင်းထားခဲ့တဲ့ ဓက်မင်းဟာ တစ်ကိုယ်လုံးပူလောင်ပြီး မနေနိုင် မထိုင်နိုင်ဖြစ်လာတယ်။

နောင်အိမ်ထဲသွင်းထားမိတဲ့ ဃဋ္ဌမင်းရဲ့ အခြေအနေကို သွားကြည့်ချင်စိတ်တွေ ဖြစ်ပေါ်လာတယ်။ ဃဋ္ဌမင်းကိုတွေ့လိုက်ရတဲ့အခါမှာ အံ့အားသင့်သွားရတယ်။ သနားစဖွယ် ညှိုးငယ်နေတဲ့ မျက်နှာ၊ ပိန်လှီခြောက်သွေ့နေတဲ့ ကိုယ်ခန္ဓာနဲ့ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားတာ။ ခုတော့ တခြောင်းတပြန့်ဖြစ်နေတယ်။ ဃဋ္ဌမင်းဟာ ညှိုးနွမ်းသိမ်ငယ် ချည့်နဲ့နေခြင်း အလျဉ်းမရှိဘဲ ပွင့်သစ်စပဒုမ္မာကြာပန်းတစ်ပွင့်လို လန်းလန်းဆန်းဆန်း တင့်ကင့်တယ်တယ် ဖြစ်နေတယ်။

"အို... ဃဋ္ဌမင်း၊ လူတွေဟာ အံ့ချုပ်အနောင်ခံထားရင် စိုးရိမ်ပူပန်ကြောက်လန့်ပြီး ငိုကြွေးဝမ်းနည်းနေတတ်ကြတယ်၊ မျက်ရည်တလည်လည်နဲ့ ဖြစ်နေတတ်ကြတယ်၊ သင့်မှာတော့ မျက်နှာထား ကြည်ကြည်လင်လင်နဲ့ ရွှင်လန်းနေပါကလား၊ ထူးခြားလှပါဘိ၊ ဘယ်လို အကြောင်းတွေကြောင့်ပါလဲ"

ဓက်မင်းနှုတ်က ဖွင့်ဟမေးမြန်းမိတယ်။

"ဓက်မင်း... စိုးရိမ်ပူပန်နေခြင်းဟာ အတိတ်မှာရော အနာဂတ်အတွက်ပါ ချမ်းသာမှုကိုမပေးဆောင်နိုင်ပါ၊ ဒါ့ကြောင့်

စိုးရိမ်ပူပန်နေစရာမလိုပါ။ ယခုအခါ ငါ့မှာ စွာန်ဆိုတဲ့အဖော်ကောင်းရှိနေတော့ ဝိုလို့ချမ်းသာနေပါတယ်၊ ဘယ်နေရာမှာပဲနေရနေရ၊ ဘယ်အခြေအနေမျိုးမှာပဲ ရောက်နေ ရောက်နေ စိုးရိမ်ပူပန် တကိုးတစိမ့ မရှိပါ၊ စိုးရိမ်ပူပန်တတ်တဲ့လူမှာ ကိုယ်အဆင်းဖျော့တော့ကျဲလှီတတ်တယ်၊ အစာစားချင်စိတ်လည်း မရှိဘူး၊ ဒုက္ခခံစားနေရတာကို မြင်သွားတဲ့ မိမိရဲ့ ရန်ဘက်တွေကလည်း ဝမ်းသာကျေနပ်နေလေ့ရှိကြပါတယ်'

ဃဋမင်းက တည်ငြိမ်အေးဆေးစွာ ဖြေကြားလိုက်ပါတယ်။ မျှော်လင့်မထားတဲ့စကားတွေကို ကြားလိုက်ရတဲ့အခါမှာ ဓကိမင်းဟာ ဝိုင်းအံ့အားသင့်သွားရပြန်ပါတယ်။ 'ဃဋမင်းဟာ စိတ်ထားမြင့်မြတ်သူပါတကား၊ မှားသွားပြီ၊ ငါမှားပြီ' လို့ နောင်တကြီးစွာ ဖြစ်ပေါ်လာခဲ့တယ်။ ချက်ချင်းပင် အမှားကို ပြင်လိုက်တယ်။ ဃဋမင်းကို ရှိသေစွာ ရှိခိုးတောင်းပန်လိုက်တယ်။ မင်းအဖြစ်နဲ့ တိုင်းပြည်ကို ပြန်လည်အပ်နှင်းပေးလိုက်ပါတယ်။

ဒါပေမဲ့ ထီးနန်းစည်းစိမ်အပေါ် ငြီးငွေ့လာတဲ့ ဃဋမင်းဟာ ထီးနန်းကို မျူးမတ်တွေလက်ထဲ အပ်နှင်းကာ ဟိမဝန္တာ

တောသို့ ထွက်ခွာသွားပါတော့တယ်။ ဟိမဝန္တာတောကြီး အတွင်းမှာ ရသေ့၊ ရဟန်းပြုကာ စွာန်ချမ်းသာဖြင့် ရာသက်ပန် နေထိုင်သွားပါတော့တယ်။

သင်ခန်းစာ

တွေ့ကြုံရင်ဆိုင်လာရတဲ့ လောကရဲ့တရား (လောကဓံ) ကို ကြုံကြိုခိုင် နေနိုင်အောင် ကြိုးပမ်းအားထုတ်ရပါမယ်။ သည်းခံခြင်းကြောင်း အောင်မြင်မှုရနိုင်ပါယ်။

(ပဉ္စကနိပါတ်၊ ဃဋဇာတ်)

※ ※ ※

သရက်သီးတစ်လုံး ကုသိုလ်

ရှေးအခါက ဗာရာဏသီပြည်ကြီးမှာ ပညာရှိ ပုရောဟိတ်ပုဏ္ဏားတစ်ယောက် ရှိခဲ့တယ်။ သူဟာ ရိုးသားဖြောင့်မတ်သူ မဟုတ်ဘူး။ အမှုများကို ကိုင်တွယ်စစ်ဆေး စီရင်ရတဲ့အခါမှာ တရားမျှတမှုမရှိဘူး။ လာဘ်ပေးလာဘ်ယူပြီး မတရားစီရင်လေ့ ရှိတယ်။

တစ်နေ့မှာ သူစီရင်ရတဲ့ အမှုတစ်ခုမှာ တရားခံမလေးတစ်ယောက်ပါလာတယ်။ အဲဒီကောင်မလေးဟာ ကောင်းကင်ကို မကြာခဏ မော့မော့ကြည့်နေတယ်။ 'စောင့်နေရတာ ကြာလှပြီ၊ ခုထက်ထိ ငါ့ကိုခေါ်ယူမစစ်ဆေးသေးပါလား၊ မွန်းများ

လွဲသွားရင်တော့ ဥပုသ်စောင့်လို့ရတော့မှာ မဟုတ်ဘူး' ဆိုပြီး ကလေးမလေးရဲ့ စိတ်ထဲမှာ တွေးတောပူပန်နေတယ်။ ကလေးမလေး အမွှေအရာပျက် စိုးရိမ်နေတာကို ပုရောဟိတ်ပုဏ္ဏားကြီးက သတိထားမိလိုက်တယ်။ ဒီတော့...

'ဟဲ့...ကလေးမလေး ဘာဖြစ်လို့ ကောင်းကင်ကို ဇောဇော မော့ကြည့်နေရတာလဲ'

မေးမြန်းစူးစမ်းကြည့်တယ်။

'သြော်...ဒါလား ပုရောဟိတ်ကြီး၊ ကျွန်မ ဥပုသ်ယူထားပါတယ်၊ နံနက်စာ မသုံးဆောင်ခဲ့ရသေးပါဘူး၊ နေ့မွန်းလွဲသွားရင် အစာမစားရတော့မှာမို့ ဥပုသ်ပျက်သွားမှာ စိုးရိမ်လို့ပါ'

မိန်းကလေးငယ်က ရှင်းရှင်းလင်းလင်း ပြောပြလိုက်တယ်။ အဲဒီအခါမှာ ပုဏ္ဏားကြီးက...

'ဟေ... ဒီလိုလား၊ ဒါဆို အဆင်သင့်ပဲ၊ ရော့... သရက်သီးစား'

ဆိုပြီး သူ လာဘ်ရထားတဲ့ပစ္စည်းတွေထဲက သရက်သီးမှည့်တစ်လုံးကို ဥပုသ်သည်မိန်းကလေးအား ပေးကမ်းလိုက်

တယ်။ မိန်းကလေးဟာ ပုရောဖိတ်ပုဇွန်းကြီးဆီကရတဲ့ သရက်သီးမှည့်ကို မွန်းမလွဲမီ အာဟာရအဖြစ် မှီဝဲလိုက်တယ်။ နောက်... တရားခွင် ဆက်ဝင်နေလိုက်တယ်။ ဥပုသ်မပျက်အောင် စောင့်ထိန်းနိုင်ခဲ့တယ်။

လာဘ်စားပြီး တရားစီရင်နေတဲ့ ပုရောဖိတ်ပုဇွန်းကြီးက ဥပုသ်သည် တရားခံမိန်းကလေးအပေါ် စေတနာဖြူစင်စွာနဲ့ ဒါနပြုပေးလိုက်တဲ့ သရက်သီးမှည့်တစ်လုံးရဲ့ အစွမ်းအာနိသင်ဟာ ထက်မြက်ကြီးကျယ်လွန်းလှပါတယ်။ ပုဇွန်းကြီး ကွယ်လွန်သွားတဲ့အခါမှာ ယူဇနာငါးဆယ်ကျယ်တဲ့ သရက်ဥယျာဉ်ကြီးထဲမှာ ရက္ခစိုးနတ် ဖြစ်ခဲ့ရတယ်။

ဒါပေမဲ့ သူ့ရဲ့ လာဘ်ပေး လာဘ်ယူလုပ်ထားတဲ့ အမှုကို မတရားစီရင်ထားတဲ့အပြစ် အကုသိုလ်ကံတွေကလည်း ရှိနေသေးတော့ နေ့ခင်းပိုင်းအချိန်မှာ ရက္ခစိုးနတ်ဖြစ်နေရသော်လည်း နေဝင်သွားတာနဲ့ သူ့ရဲ့လက်သည်းကြီးတွေ ရှည်ထွက်လာတယ်။ အဲဒီလက်သည်းရှည်ကြီးတွေနဲ့ ကိုယ့်ကျောကုန်းသား ကိုယ်ပြန်ခွာစားနေရတယ်။ နာကျင်ခံခက်ပေမယ့် မနက်မိုးမလင်းမချင်း အဲဒီလိုပဲ ခွာစားနေရတယ်။ နေ့စဉ် ညခံဘဝဖြစ်တယ်။

မမျှော်လင့်ဘဲ သရက်သီးမှည့်ကလေးတစ်လုံးကို စွန့်ကြဲခဲ့မိတဲ့ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ ဒါနဟာ များစွာအထောက်အကူပြုပေးခဲ့ပါတယ်။ တကယ်လို့သာ ဥပုသ်သည်မလေးကို သရက်သီးတစ်လုံး လျှဒါန်းခွင့်ဒါန မရခဲ့ဘူးဆိုရင် ပုရောဟိတ်ပုဏ္ဏားကြီးဟာ နေ့ရောညရော ခံနေရတဲ့ ပြိတ္တာဘဝ ကျရောက်မှာသေချာနေရတယ်။ နောက်...ကုသိုလ်ပြုတဲ့နေရာမှာ လျှဖြယ်ပစ္စည်းက ပမာန မဟုတ်ဘဲ လျှဒါန်းသူရဲ့ စေတနာ သဒ္ဓါစိတ်သာ ပမာနဖြစ်တယ်ဆိုတာလည်း ဖော်ပြနေပါတယ်။

သင်ခန်းစာ

မကောင်းမှုတွေ ပြုလုပ်နေသူပင် ဖြစ်လင့်ကစား စေတနာဖြူစင်စွာနဲ့ လိုအပ်တဲ့ အချိန်မှာ လိုအပ်နေတဲ့သူကို မပြောပလောက်သော ဝတ္ထုပစ္စည်း (သရက်သီးတစ်လုံး) ဒါန ပြုခဲ့တာကြောင့် မမျှော်မှန်းနိုင်တဲ့ အကျိုးကျေးဇူးတွေရရှိခဲ့တယ် ဆိုတာ သင်ခန်းစာအဖြစ် မှတ်ယူနိုင်ကြပါတယ်။

(နိုင်ငံဝန်ထမ်းရည် ၁၀/၂၀၀၅)

* * *

လက်တစ်ကမ်းကုသိုလ် ရအောင်ယူခဲ့သူ

သာဝတ္ထိပြည်အနီးက တောလမ်းတစ်နေရာမှာ ဖြစ်တယ်။ တောလမ်းဆိုတဲ့အတိုင်း ဖြောင့်ဖြောင့်ဖြူးဖြူးမရှိဘူး။ အကွေ့အကောက်၊ အတက်အဆင်းတွေချည်းပဲ။ ချိုင့်ခွက်တွေလည်း ပြည့်နှက်နေတယ်။ အဲဒီတောလမ်းခရီးမှာ ကုန်အပြည့်တင်ဆောင်ထားတဲ့ နွားလှည်းအုပ်စုဟာ ခရီးနှင်နေကြရတယ်။ နွားလှည်းတွေကို ခရီးတွင်အောင် အမြန်ခပ်သုတ်သုတ်မောင်းနှင်လို့ မရဘူး။ တရွေ့ရွေ့ တအိအိနဲ့ ဖြည်းဖြည်းချင်း မောင်းနှင်နေကြရတယ်။ ပျင်းရိစရာ ကောင်းလှပါတယ်။ ဒီအထဲ လှည်းဝင်ရိုးသံကလည်း တအိအိနဲ့ဆိုတော့ အိပ်ငိုက်ချင်စရာ

သိပ်ကောင်းနေပြန်တယ်။ ဒါပေမဲ့ လမ်းကြမ်းတော့ သတိစိုက်ပြီး ထိန်းသိမ်းမောင်းနှင်နေကြရတယ်။ အဲဒီလှည်းတွေရဲ့ပိုင်ရှင်ဟာ သာတွိုမြို့သား ကုန်သည်တစ်ယောက်ဖြစ်တယ်။ အပြန်ကုန်အဖြစ် တောထွက်ပစ္စည်းတွေကို အပြည့်အနှက်တင်ဆောင်ကာ သာဝတ္ထိပြည်ကို ပြန်လာနေကြတာဖြစ်တယ်။

အဲဒီလှည်းအုပ်ဟာ တောစပ်တစ်ခုအတွင်း ဝင်မိကြတဲ့ အခါမှာ လှည်းတစ်စီးရဲ့ ဝင်ရိုးဟာ ကျိုးသွားတယ်။ လှည်းတန်းကြီး ရပ်တန့်သွားတယ်။ လှည်းသားတွေအားလုံး ဝင်ရိုးကျိုးသွားတဲ့လှည်းနား စုရုံးရောက်ရှိလာကြတယ်။

ပြီးခဲ့တဲ့လကတည်းက ဒီနေရာမှာ ကုန်သည်လှည်းတွေကို တောထဲက လူဆိုးတွေ ထွက်လာပြီး ဓားပြတိုက်လုယူသွားကြတယ်။ ဒါကိုသိပြီး စိုးရိမ်နေတဲ့ ကုန်သည်ဟာ ဒီနေရာမှာ ကြာကြာရပ်တန့်မနေချင်ဘူး။

'မင်းတို့နှာ ဝင်ရိုးအပိုမရှိကြတော့ဘူးလား'

'မရှိတော့ဘူး ဆရာ'

'မင်းတို့ကွာ လှည်းသမားတွေလုပ်နေပြီး တယ်ပေါ့ဆကြတာကိုး၊ ဝင်ရိုးအပိုဆောင်ခဲ့ရမယ်ကွ၊ ကဲ...ခုလို အရေးအကြောင်းဖြစ်လာရင် ဘယ်နယ့်လုပ်ကြမလဲ'

ကုန်သည်လှည်းသမားတွေကို အပြစ်တင်စကားဆိုနေတယ်။

'ကျွန်တော် ဝင်ရိုးအပိုယူခဲ့ပါတယ် ဆရာ၊ ဟိုဘက်ရွာမှာ တစ်ထောက်နားတုန်းက ဝင်ရိုးဟောင်းအက်နေလို့ စိတ်မချတာနဲ့ လဲတပ်လိုက်တာ၊ ခုတော့ မရှိတော့ဘူး'

'မရှိတော့တာကို ပြောမနေစမ်းပါနဲ့ကွာ'

လှည်းဝင်ရိုး လဲတပ်စရာအပိုမရှိတော့ အကြံအိုက်နေကြရတယ်။

အဲဒီအချိန်မှာ ရွာသားတစ်ယောက်ဟာ သစ်သားတုံးတစ်တုံးကို ပခုံးပေါ်မှာ ထမ်းပြီး တောထဲက ထွက်လာတယ်။ လှည်းလမ်းအတိုင်း လျှောက်လာတယ်။ ရပ်နားနေတဲ့ လှည်းအုပ်နား တရွေ့ရွေ့နဲ့ နီးကပ်လာတယ်။ လူဆိုးထင်မှတ်ပြီး လှည်းသမားတွေ ထိတ်လန့်သွားတယ်။ တုတ်၊ မားတွေကိုင်ဆောင်ပြီး သူစိမ်းရွာသားကို အော်ဟစ်ခြောက်လှန့်လိုက်ကြတယ်။ ဒါပေမဲ့ တည်ကြည်ရိုးသားတဲ့ တောသားက ဣန္ဒြေမပျက်ဘူး။ လူအုပ်တွေနားထိ ရောက်လာတယ်။ အခြေအနေကို စူးစမ်းလေ့လာပြီး...

'ဩော်... မိတ်ဆွေတွေ၊ လှည်းဝင်ရိုးကျိုးသွားလို့ အခက်တွေ့နေကြတယ်ထင်ပ'

ဆိုပြီး စကားစလိုက်တယ်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့မှာ ဝင်ရိုးအိုမပါလို့ ဘယ်ပိုလုပ်ရကောင်းမလဲဆိုပြီး အကြံထုတ်နေကြတာ'

အဲဒီလိုကြားလိုက်ရတဲ့အခါမှာ တောသားဟာ ပခုံးပေါ်မှာ ထမ်းလာတဲ့ သစ်သားတုံးကို မြေပြင်ပေါ် ဗုန်းခနဲပစ်ချလိုက်ပြီး...

'ဒီသစ်သားကို ခုတ်ထစ်ပြုပြင်လိုက်ရင် ဝင်ရိုးရတန်ကောင်းပါတယ်၊ မိတ်ဆွေတို့ရဲ့ အခက်အခဲကို ကျွန်ုပ်ကူညီပါရစေ'

'ဟာဗျာ သိပ်ကောင်းတာပေါ့၊ ကျေးဇူးတင်လိုက်တာ၊ လက်ခနဲ့ သစ်ဖိုး ဘယ်လောက်ပေးရမယ်ဆိုတာလည်း ပြောပြပါဦး'

'အခကြေးငွေ မယူပါဘူးဗျာ၊ ကျုပ်က စေတနာသန့်သန့်နဲ့ ကူညီမှာပါ'

သိကြားမင်းနှင့်တွေ့လိုက်ရသည့်အလား လှည်းသမားများ ပျော်ရွှင်သွားကြတယ်။ တောသားလုပ်ပေးလိုက်တဲ့ ဝင်ရိုးနဲ့ပဲ သာဝတ္ထိပြည်ကို ချောချောမောမော ပြန်လည်ရောက်ရှိလာကြတယ်။

ဝင်ရိုးကို ပြုပြင်တပ်ဆင်ပေးလိုက်တဲ့ စေတနာရှင် ရွာသားဟာလည်း မမြဲတဲ့ အနိစ္စသဘောအရ အချိန်တန်တဲ့တစ်နေ့မှာ ကွယ်လွန်အနိစ္စရောက်သွားခဲ့ရှာတယ်။ အဲဒီတော်သားဟာ ကွယ်လွန်သွားပြီးတဲ့နောက် အဲဒီတောအုပ်မှာ ဘုမ္မစိုးနတ် ဖြစ်ခဲ့တယ်။

တိတ်ဆိတ်တဲ့ တစ်ညချမ်းမှာ ဘုမ္မစိုးနတ်ဟာ သာဝတ္ထိမြို့က ကုန်သည်ရဲ့ အိမ်ရှေ့တံခါးဝမှာ သွားရပ်နေလိုက်တယ်။ ပူအိုက်တဲ့ရာသီဖြစ်တာမို့ ကုန်သည်ဟာ အိပ်ရာမဝင်သေးဘူး။ အိမ်ရှေ့ခန်းထဲမှာ ထိုင်နေတယ်။ တံခါးဝက အသံကြားလို့ နားစွင့်နေလိုက်တယ်။ ဘုမ္မစိုးနတ်က…

'လိုနေတဲ့သူကို
လိုနေတဲ့ပစ္စည်းလှူ။
နတ်ရွာချမ်းသာရတဲ့ အဲဒီအလှူ။
ဒုက္ခဆိုတာ လှူသူမှာ
ခုရော နောင်ခါ မရှိနိုင်ပါ။
ခုလည်းချမ်းသာ နောင်ချမ်းသာ၊
နိုးနိုးကြားကြား လှူကြပါ'

ဆိုတဲ့ ဂါထာကို ရွတ်ဆိုပြတယ်။ ကုန်သည်ရဲ့နားထဲ

မှာ ဝိဝိသသကြားလိုက်ရတယ်။

မနက်မိုးသောက် အလင်းရောက်တဲ့အချိန်မှာ ကုန်သည်ဟာ ဇေတဝန်ကျောင်းတော်ကိုသွားပြီး မြတ်စွာဘုရားထံ အကျိုးအကြောင်း လျှောက်တင်ခဲ့တယ်။

မြတ်စွာဘုရားရှင်က ပရိသတ်အပေါင်းအား ဒုက္ခရောက်နေတဲ့ ခရီးသွားကုန်သည်တွေကို လှည်းဝင်ရိုးတစ်ချောင်း ကူညီတပ်ဆင်ပေးလိုက်တဲ့ တောသားဟာ ကွယ်လွန်ပြီးတဲ့နောက် သူ့ရဲ့စေတနာ ကုသိုလ်ကြောင့် ဘုမ္မစိုးနတ်ဖြစ်ခဲ့ရတဲ့ အတ်ကြောင်းစုံကို ရှင်းလင်းဟောကြားပေးတော်မူလိုက်တယ်။ ကြားနာရသူအပေါင်းဟာ ဒုက္ခရောက်နေသူကို ကူညီကယ်တင်လိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်ခဲ့ကြရပါတယ်။

သင်ခန်းစာ

စိတ်ရင်းစေတနာသန့်သန့်နဲ့ ကူညီဆောင်ရွက်ပေးလိုက်တာဟာ မိမိအတွက် အလဟဿ ဖြစ်မသွားပါဘူး။ တစ်နေ့မှာ ထိုက်တန်တဲ့အကျိုး မလွဲမသွေပြန်ရမှာဖြစ်ပါတယ်။

(အက္ခရက္ခယေတဝတ္ထု)

❋ ❋ ❋

နွားသတ်သမားရဲ့ ဇာတ်သိမ်း

ရှေးအခါက သာဝတ္ထိပြည်ကြီးမှာ နွားသတ်ယောကျ်ား တစ်ယောက်ရှိခဲ့တယ်။

သူဟာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန် ကျောင်းတော်ကြီးရဲ့ အရှေ့ဘက်နား မလှမ်းမကမ်းတစ်နေရာမှာ နေထိုင်တယ်။ ဇနီးမယားနဲ့ သားတစ်ယောက်ရှိတယ်။ နွားသတ်တယ်၊ နွားသားရောင်းတယ်။ အဲဒီအလုပ်နဲ့ အသက်မွေးနေခဲ့တာ (၅၅)နှစ်ရှိခဲ့ပြီ။ ကုသိုလ်ကောင်းမှုဆိုလို့ ဆွမ်းတစ်ဇွန်းတောင် လောင်းလှူဖူးတာ မဟုတ်ဘူး။ နေ့စဉ်နှင့်အမျှ အသက်ထွက်ရခါနီး ဒုဏ်ရာအနာတရပြင်းထန်လွန်းလို့ အော်ဟစ်နေတဲ့

နွားသံ၊ အသားလှီးဖြတ်ရာက ထွက်ပေါ်ယိုစီးလာတဲ့ သွေးသံ ရဲရဲတွေကြားမှာ နေခဲ့ရတယ်။ သေမှာကြောက်လို့ မျက်ရည်ကျ အသနားခံနေတဲ့ နွားတွေရဲ့ ရုန်းကန်ငြင်းဆန်နေကြတာတွေကို လည်း ကြင်နာရက်ကောင်းမှန်း မသိဘူး။ သူ့ရဲ့နှလုံးသားမှာ ကရုဏာနဲ့ ကိုယ်ချင်းစာ မေတ္တာတရားတွေ ကင်းမဲ့ဆိတ်သုဉ်း နေတယ်။ အကုသိုလ်လုပ်ငန်းနဲ့ပဲ ဘဝသက်တမ်းကို ကုန်လွန် နေစေခဲ့တယ်။

အဲဒီယောကျ်ားဟာ နွားသားဟင်းလျာကို အလွန်ကြိုက် တယ်။ နွားသားဟင်းမပါရင် ထမင်းမစားဘူး။ မယားဖြစ်သူက လည်း ယောကျ်ားအလိုက္ခ နွားသားကို အမြဲတမ်းချက်ပြုတ် ကျွေးမွေးနေရတယ်။

တစ်နေ့မှာ နွားသတ်ယောကျ်ားဟာ နွားသားတွေကို ရောင်းချပြီးတဲ့နောက် ရေသွားချိုးတယ်။ သူရေချိုးသွားနေတုန်း မှာ သူ့ရဲ့ သူငယ်ချင်းတစ်ယောက်က နွားသားလာဝယ်တယ်။ နွားသားကုန်သွားပြီ၊ ရောင်းစရာ လက်ကျန်မရှိတော့ဘူး။ အိမ် အတွက် ချက်စားဖို့ ချန်ထားတဲ့ အသားပဲရှိတော့တယ်။ အဲဒီ အခါမှာ...

'အိမ်မှာ ဧည့်သည်ရောက်နေလို့ ဟင်းကျွေးစရာမရှိလို့ လာဝယ်တာ၊ ဒီအတိုင်းပြန်သွားလို့ ဘယ်လိုလုပ်မလဲ၊ နင်တို့စားဖို့ချန်ထားတဲ့ အသားပဲပေးလိုက်၊ နင့်ယောကျ်ားပြန်လာရင် ပြောပြလိုက်၊ ငါအရေးကြီးလို့ ယူသွားတယ်လို့'

ဆိုပြီး ချန်ထားတဲ့ အသားကို အတင်းယူသွားတယ်။ နွားသတ်သမားရဲ့ ဇနီးသည်က မဖြစ်ပါဘူးလို့ တားလည်း ဖွတ်ယူသွားတယ်။

ရေချိုးပြီးတဲ့အခါ နွားသတ်သမားပြန်ရောက်လာတယ်။ ဇနီးဖြစ်သူက ထမင်းဟင်းခူးခပ်ပြီး ကျွေးတယ်။ ယောကျ်ားဖြစ်သူက ထမင်းဝိုင်းကို ကြည့်လိုက်တယ်။ နောက်...

'နင်... ဘယ်လိုလုပ်တာလဲ၊ နွားသားဟင်းလည်း မပါ၊ ပါလား၊ နွားသားဟင်းမပါရင် ငါ မထင်းမစားနိုင်ဘူးဆိုတာ နင် သိရက်သားနဲ့'

လို့ ဆူပူကြိမ်းမောင်းလိုက်တယ်။

'တော့်သူငယ်ချင်းပဲ ဧည့်သည်ကျွေးဖို့ဆိုလို့ ဖွတ်အတင်းယူသွားတယ်၊ ပြောလို့လည်း မရဘူး'

'ဒီလိုဆို...အခုပြန်သွားတောင်းချေ'

'ဒီလိုလုပ်လို့ ဘယ်ကောင်းပါ့မလဲ၊ တစ်နပ်တလေပဲ၊ သည်းခံစားလိုက်ပေါ့'

'တောက်... တော်ပြီ၊ ဆက်မပြော မနေနဲ့၊ ထမင်းပွဲတွေ ပြန်သိမ်းလိုက်၊ ငါ မစားနိုင်ဘူး'

ယောကျ်ားဖြစ်သူဟာ စိတ်တိုတိုနဲ့ ထမင်းဝိုင်းက ထလိုက်တယ်။ ဓားကိုဆွဲပြီး အိမ်နောက်ဖေးထွက်သွားတယ်။ ခြံထဲမှာရှိနေတဲ့ အရှင်လတ်လတ်နွားတစ်ကောင်ရဲ့ လျှာကို အရင်းက နေ လှီးဖြတ်ယူလိုက်တယ်။

နောက်...

'ရော့... ဒါကို အခုချက်၊ ကျက်ရင် ထမင်းစားမယ်'

ဆိုပြီး ဖြတ်လာတဲ့ လျှာကို မိန်းမထံ ပစ်ပေးလိုက်ဟယ်။

မိန်းမကတော့ ကြောက်ကြောက်လန့်လန့်နဲ့ ယောကျ်ားပေးတဲ့ နွားလျှာကို ခုတ်ထစ်ပြီး စားလို့ရအောင် အမြန်ချက်ပြုတ်ပေးတယ်။ နွားလျှာဟင်း ကျက်တဲ့အခါမှာ ယောကျ်ားဖြစ်သူကို ထမင်းဟင်း ခူးခပ်ကျွေးမွေးလိုက်တယ်။

နွားသတ်သမားဟာ နွားလျှာဟင်းနဲ့ ထမင်းလုပ်ကို

ပါးစပ်တွင်း အငမ်းမရ ထိုးသွင်းလိုက်တယ်။ ထမင်းလုပ်ပါးစပ်ထဲရောက်တာနဲ့ နွားသတ်သမားရဲ့လျှာဟာ အရင်းကနေသူ့အလိုလို ပြတ်သွားတယ်။ 'ဘုတ်' ခနဲ ထမင်းပန်းကန်ထဲပြုတ်ကျလာတယ်။ ပါးစပ်ထဲက သွေးတွေယိုစီးထွက်ကျလာတယ်။ နာကျင်ခံခက် ဝေဒနာပြင်းပြလွန်းတာကြောင့် အခန်းထဲဝင်ပြီး လေးဘက်ထောက်ကာ အော်ဟစ်ညည်းတွားနေရတယ်။ လူသားစင်စစ် တစ်ယောက်ဖြစ်ပေမယ့် နွားသတ္တဝါလို လေးဘက်ထောက်ကာ သူသတ်ခဲ့တဲ့ နွားများနည်းတူ အော်ဟစ်ညည်းတွားနေရပါတော့တယ်။

ယောကျ်ားဖြစ်သူရဲ့ ကံကြမ္မာဆိုးကို မြင်နေရတဲ့ ဇနီးဖြစ်သူက သားငယ်ကို ခေါ်ယူလိုက်တယ်။

'ဒီမှာကြည့်ပါဦး ငါ့သား၊ မင်းအဖေဟာ တစ်သက်လုံးနွားတွေကို သတ်ဖြတ်နေခဲ့တာ၊ ခုတော့ သူ့မှာ အဖြစ်ဆိုးနဲ့ကြုံနေရပြီ၊ ငါ့သားမျက်မြင်ပဲ၊ သားလည်း ဒီမှာဆက်နေရင် ဒီလိုဘဝမျိုးနဲ့ ကြုံနေရဦးမယ်၊ အမေ့ကိုလည်း ထည့်တွက်ငဲ့ညှာမနေနဲ့၊ ဒီဘဝကလွတ်အောင် ရုန်းထွက်ပါတော့။ ကိုယ့်ဘဝကောင်းစားရေးအတွက် တစ်ရပ်တစ်ကျေး ထွက်ပြေး အသက်

မွေးပါတော့' လို့ ဆုံးမကာ နေအိမ်မှ ထွက်ခွာခိုင်းလိုက်တယ်။

သားသတ်ယောကျ်ားခမျာ နွားအော်သလို အော်ဟစ်ရင်း ဝေဒနာ မချိမဆန့်ခံစားကာ သေဆုံးသွားတယ်။ မလှမပရဲ့ အကျည်းတန်စွာ ဘဝဇာတ်သိမ်းသွားခဲ့ရပါတော့တယ်။

သင်ခန်းစာ

အရသာအပေါ် စွဲလမ်းမနေသင့်ပါဘူး။ လျှာကို အလိုလိုက်ခံရင် မိမိအတွက် ဆိုးကျိုးများသာ ပေါ်ထွက်လာနိုင်ပါတယ်။

* * *

ငိုနေတဲ့ ငါးကြီးတစ်ကောင်

တစ်ခါတုန်းက ဂင်္ဂါမြစ်အတွင်းမှာ ငါးထီးကြီးတစ်ကောင်နဲ့ ငါးမတစ်ကောင် နေထိုင်လျက်ရှိကြတယ်။ သွားအတူ၊ စားအတူ တတွဲတွဲ မခွဲဘဲ ကြည်နူးနေကြတဲ့ ချစ်သူစုံတွဲ ငါးနှစ်ကောင်ဖြစ်တယ်။ ချစ်ကြတဲ့နေရာမှာ ငါးထီးကြီးက ပိုပြီး အဖြစ်သည်းနေတယ်။ ငါးမနောက်ကို တကောက်ကောက်လိုက်ကာ မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေတယ်။ သံယောဇဉ် အစွဲအလမ်းကြီးလွန်းသူ အချစ်သမား ငါးထီးကြီး ဖြစ်တယ်။

တစ်နေ့မှာ ငါးမက ရွှေမှာကူးခတ်သွားနေတယ်။ ငါး ထီးကြီးက ငါးမရဲ့နောက် မလှမ်းမကမ်းကနေ လိုက်ပါကူးခတ် နေတယ်။ အဲဒီအချိန်မှာ တံငါသည်တစ်ယောက်က ပိုက်ကွန်ကို မြစ်ထဲဝှေ့ပိုက်ပစ်ချလိုက်တယ်။ ရွှေကသွားနေတဲ့ ငါးမဟာ ပိုက်ကွန်နဲ့ရတော့ အလျင်အမြန်ရှောင်တိမ်းပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်သွားတယ်။ ချစ်သူငါးမအပေါ်မှာသာ အာရုံစူးစိုက်နေပြီး မ,စိတ်မွန်နေတဲ့ ငါးထီးကြီးကတော့ ပတ် ဝန်းကျင်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေသစ်ကို သတိမထားမိ ဘူး။ ဒီတော့ တံငါသည်ရဲ့ ပိုက်ကွန်ထဲ အမိခံလိုက်ရတယ်။ ပိုက်ကွန်ထဲမိနေတာတောင် သူ့ချစ်သူ ငါးမကို တွေ့လိုတွေ့ငြား ရှာကြည့်နေသေးတယ်။

တံငါသည်ဟာ ဖမ်းမိလာတဲ့ ငါးကြီးကို ချက်ချင်း သတ်မပစ်သေးဘူး။ မြစ်ကမ်းနံဘေးက သဲသောင်ပြင်ပေါ် ဒီ အတိုင်းပစ်တင်ထားလိုက်တယ်။ ရေထဲက ငါးဟာ သောင်ပြင် ပေါ်ရောက်သွားတော့ သွက်လက်ပေါ့ပါးစွာ ဟိုဒီရွှေ့လျားလို့ မရတော့ဘူး။ တဖျပ်ဖျပ် လူးကြည့်လည်း ခန္ဓာကိုယ်ဟာ ရေထဲ မှာတုန်းကလို ပေါ့ပါးသွက်လက်နေတော့ဘူး။ လေးလံထိုင်းမှိုင်း ကာ ရွှေ့လျားလို့မရဖြစ်နေတယ်။ ပြင်ပလေစိမ်းနဲ့ ထိတွေ့နေ ရလို့ ခန္ဓာကိုယ်လည်း ပူလောင်ကျိန်းစပ်နေတယ်။ အသက်

ရှူလို့လည်း အားမရဘူး။ မျက်စိတွေလည်း ကြည့်လို့မကောင်းဘူး။ ဒုက္ခဆင်းရဲ ခံနေရတယ်။ ဒီလိုအခြေအနေမျိုးမှာတောင် ချစ်သူငါးမလေးကိုပဲ မြင်ယောင်သတိရနေဆဲဖြစ်တယ်။

တံငါသည်တွေဟာ ဖမ်းမိလာတဲ့ ငါးကြီးကို မီးကင်မယ်ဆိုပြီး မီးဖိုသူကဖို၊ တံစို့ထိုးတံလုပ်ဖို့ ဝါးသပ်သူက သပ်နေကြတယ်။ မီးဖိုမှာလည်း မီးစွဲပြီး မီးတွေအရှိန်ပြင်းပြင်းနဲ့ တဟုန်းဟုန်းတောက်နေပြီ။ တံစို့တံလည်း သပ်ပြီးကြပြီ။

အဲဒီမြင်ကွင်းကိုကြည့်ပြီး ငါးကြီးက…

'သြော်… ငါ့ရဲ့ခန္ဓာကိုယ်ကို ခံတွင်းကနေ အမြီးဖျားရောက်အောင် ဝါးတံစို့တံချွန်ကြီးနဲ့ ထိုးသွင်းကြတော့မှာပါလား၊ ဘယ်လောက်များ နာကျင်ခံခက်ရှိလိုက်မလဲ၊ နောက်ပြီး မီးကင်ကြဦးမယ်၊ ဘယ်လောက်များ ပူပြင်းလိုက်မလဲ၊ မချိမဆန့် ဝေဒနာခံစားရင်း မသက်မသာနဲ့ အသက်ထွက်ရတော့မယ့် ငါပါလား၊ ဒီဝေဒနာတွေဟာ အရေးမကြီးပါဘူးလေ၊ ငါ့ကို မတွေ့တော့ဘူးဆိုရင် ငါ့ချစ်သူ ငါးမက ငါ့အပေါ် အထင်လွဲသွားမှာစိုးတယ်၊ ငါ့ယောကျ်ား ဘယ်ငါးမနောက်လိုက်သွားပြီလဲ မသိဘူး၊ ငါ့ကိုပစ်သွားပြီး အသစ်ရှာနေတယ်လို့ ထင်နေမှာ၊ အဲဒါကို စိတ်မကောင်းဘူး၊ ငါ အသက်သေတာ အရေးမကြီးဘူး၊ သိပ်ချစ်တဲ့ ငါ့အပေါ် အထင်လွဲသွားမှာကိုသာ အစိုးရိမ်ဆုံးပဲ'

ဆိုပြီး တွေးတောကာ ပူပင်သောကရောက်နေရှာတယ်။ ပူပင်သောကတွေကြီးမားလာတော့ ဝမ်းထဲမှာ မြိုသိပ်ထားလို့ မရတော့ဘူး။ ချုံးပွဲချ အော်ဟစ်ငိုကြွေးနေပါတော့တယ်။ ငိုကြွေးနေရင်းက…

'ရေမရှိတဲ့နေရာ
ပူတာ အေးတာ
ပြဿနာမရှိပါ
ကြိတ်မှိတ်ခံနိုင်ပါတယ်ကွာ။
တံငါသည်တွေ သတ်တော့မှာလဲ
သိသားပဲ
အသေခံရဲပါတယ်။
ဒါပေမဲ့…
ငါ့ယောကျ်ားတစ်ယောက်
တခြားငါးမနောက်
ကောက်ကောက်ပါအောင် လိုက်သွားပြီလို့
မင်းထင်နေမှာကိုသာ
အစိုးရိမ်ဆုံး
အသည်းနာဆုံးပါကွာ။
မဖြေနိုင်ဘူး ချစ်သူရာ
ငါဟာ ချစ်တတ်သူကြီးပါ'

ဆိုပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုနေပြန်တယ်။

ငါးကြီးရဲ့ ဖွဲ့နွဲ့ငိုယိုနေသံကို ရေချိုးဆိပ်ဆင်းလာတဲ့ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်က ကြားသွားတယ်။ လောင်မြိုက်နေတဲ့ သောကအပူမီးကြောင့် ချဲချဲပျစ်ပျစ် ငိုနေတဲ့ ငါးကြီးအပေါ် ကရုဏာသက်သွားရတယ်။ ဒီတော့ တံငါသည်တွေဆီက မေတ္တာရပ်ခံ တောင်းပန်ကာ ငိုနေတဲ့ ငါးကြီးကို တောင်းယူလိုက်တယ်။

နောက်ပြီး မြစ်ထဲပြန်လွှတ်ပေးလိုက်ပါတော့တယ်။

သင်ခန်းစာ

သေမင်းရဲ့ နှုတ်ခမ်းဝ ရောက်နေပါလျက် သေရမှာကို ဆိတ်လန့်ဘဲ ချစ်သူငါးမကိုသာ တမ်းတနေတဲ့ ငါးကြီးရဲ့အဖြစ်ဟာ ရယ်စရာပါ။ တကယ်တော့လည်း ရယ်စရာမဟုတ်ပါဘူး။ ကာမဂုဏ်ညွှန်ညစ်မှာ ကျွံနစ်မိတဲ့ လူနတ်သတ္တဝါ ပုထုဇဉ်မှန်သမျှဟာ ငါးကြီးလိုပဲ ဖြစ်နေကြမှာပါ။

ကြောက်စရာကောင်းတဲ့ ကာမဂုဏ်တရားအပေါ် သတိသံဝေဂဖြစ်စေနိုင်တဲ့ ပုံပြင်တစ်ပုဒ်ဖြစ်ပါတယ်။

(မစ္ဆာတ်)

ပီတိကို ဝေငှသူ

ရှေးအခါက တောရွာတစ်ရွာမှာ ထင်းခုတ်ရောင်းစား ပြီး အသက်မွေးနေရတဲ့ အန္ဓဘာရဆိုသူ ဆင်းရဲသား တစ် ယောက်ရှိတယ်။ တစ်ရက်မှာ လှည်းပေါ် ထင်းတွေအပြည့်တင် ပြီး ဗာရာဏသီမြို့ကြီးဆီ ထွက်လာခဲ့တယ်။ ဗာရာဏသီရောက် တော့ သူငယ်ချင်းအိမ်မှာ တည်းခိုပြီး ထင်းတွေကို ရောင်းချနေ ခဲ့တယ်။

အဲဒီအချိန်မှာ ဗာရာဏသီမြို့သား သုမနဆိုတဲ့ သူဌေး သားတစ်ယောက်ဟာ မိဘတွေ ချန်ထားခဲ့တဲ့ ဥစ္စာပစ္စည်း၊ ရွှေငွေရတနာတွေကို သူ့နောက်ပါအောင် ယူသွားမယ်ဆိုတဲ့ ပြောစကားနဲ့အညီ လမ်းဆုံလမ်းခွမှာ မဏ္ဍပ်အကြီးအကျယ်

ဆောက်၊ အဖိုးတန် အသုံးအဆောင်ပစ္စည်းတွေသုံး၊ တန်ဖိုးကြီး အဝတ်အစားတွေဝတ်၊ အနီးကပ် ပြုစုလုပ်ကျွေးပေးနေကြတဲ့ အခြေအရံတွေ အစုံအလင်နဲ့ အသပြာတစ်သိန်းတန် စားပွဲကြီးကို ခမ်းခမ်းနားနား ခင်းကျင်းကာ စားသောက်ပြနေတယ်။

သူဟာ ကြွားဝါလိုလို့လည်း မဟုတ်ဘူး။ ဇိမ်ယူချင်လို့လည်း မဟုတ်ဘူး။ သူ့ရဲ့ကုသိုလ်ကံ စည်းစိမ်တွေကို မြင်ရသူတွေ အားကျကာ ကံကောင်းစေမည့် ကောင်းမှုကုသိုလ် အပေါ် လူတွေစိတ်ဝင်တစား ပြုလိုစိတ်ရှိလာအောင် နမူနာပြနိုးဆော်ပေးနေတာဖြစ်တယ်။

သုမနသူဌေးသားရဲ့ ကြီးကျယ်ခမ်းနားတဲ့ စားသောက်ပွဲကို သွားရောက်ကြည့်မိတဲ့ ဆင်းရဲသား ထင်းခုတ်သမားဟာ သွားရည်ယိုလာတယ်။ စားချင်စိတ်တွေကို တားဆီးထိန်းချုပ်လို့ မရတော့ဘူး။ မစားရလျှင် မနေနိုင်တော့တဲ့ အခြေအနေရောက်လာတယ်။ ငတ်ကြီးကျလာပြီဆိုတော့ မရှက်နိုင်တော့ဘူး။ တောင်းစားတယ်။ သူဌေးသားကလည်း မကျွေးဘူး။ မရမကဖပ်ခါ ထပ်ခါ အသနားခံတယ်။ နောက်ဆုံးမှာတော့ သူဌေးသားဆီက အဖြေစကားရတယ်။

'ငါ့လိုစားချင်ရင် မင်း ငါ့ဆီမှာ ကျွန်သုံးနှစ်ခံရမယ်'

'ကောင်းပြီ၊ စိမ်လိုက် သူဌေးမင်း'

ထင်းခုတ်သမား ဆင်းရဲသားဟာ အာဟာရတဏှာကြောင့် သုမနသူဌေးသားထဲမှာ ကျွန်သုံးနှစ်တိတိ ခံနေလိုက်တယ်။ လူတွေက တအံ့တသြဖြစ်ပြီး 'ထမင်းတစ်လုပ်အတွက် ကျွန်လုပ်သူ' ဆိုပြီး ကဲ့ရဲ့ပြောဆိုနေကြပါတော့တယ်။

သုံးနှစ်စေ့သွားတဲ့အခါမှာ ကတိစကားရှိတဲ့အတိုင်း သုမနသူဌေးက ဆင်းရဲသား ထင်းခုတ်သမားကို အဆောင်အယောင် အပြည့်အစုံနဲ့ ထမင်းစားသုံးဖို့ ပြင်ဆင်မေးတယ်။ တစ်သိန်းတန် ရွှေခွက်ကြီးထဲမှာ တစ်သိန်းတန်ထမင်း အဖျော်ထည့်စားစေတယ်။ လာကြည့်နေကြတဲ့ ပရိသတ်ဟာ တိုးမပေါက်ဘူး။

စားဖို့အသင့်ဖြစ်နေချိန်မှာ ပစ္စေက ဗုဒ္ဓါအရှင်မြတ်တစ်ပါးက ဆင်းရဲသားထင်းခုတ်သမားရှေ့ ကြွရောက်လာကာ ရပ်တန့်ပြီး ဆွမ်းအလှူခံလျက်ရှိနေပါတော့တယ်။

'ငါစားလိုက်ရင် ဒီထမင်းတစ်နပ်ဟာ တစ်ခါတည်းနဲ့ တစ်ခဏတွင်း ကုန်သွားမှာ၊ သုံးနှစ်သုံးမိုး ကျွန်ခံပြီးမှ စားခွင့်ရတဲ့ တန်ဖိုးကြီး ဒီထမင်းတစ်နပ်ကို မစားဘဲ လှူလိုက်ရင် သံသရာတစ်လျှောက်လုံး ငါစားသုံးနေရမှာဖြစ်တယ်။ တန်ဖိုး

ကြီးတဲ့ ထမင်းကို တန်ဖိုးရှိအောင် အသုံးချရမယ်'

လို့ ဆင်းရဲသား ထင်းခုတ်သမားစိတ်ထဲမှာ မှန်ကန်တဲ့ အတွေးနဲ့ သဒ္ဓါစိတ်တွေ ဖြစ်ပေါ်လာတယ်။

ဒီတော့ သူစားရမည့် အစားအစာတွေကို မစားတော့ဘဲ ရှင်ပစ္စေကဗုဒ္ဓါကို ကြည်ညိုစွာ လောင်းလှူလိုက်ပါတော့တယ်။

'ဟာ... ဟင်...'

'အို... အလို...'

'ဟို... ဟိုး...'

အစရှိတဲ့ အာမေဋိတ်သံတွေ ဝိုင်းကြည့်နေကြသူတွေ နှုတ်ဖျားက တစ်အံ့တသြထွက်ပေါ်လာတယ်။

'တော်တုန်းကတော့ ကျွန်ခံပြီးတောင် တော်ကြီးကျတဲ့သူ၊ ခုဘယ်လိုများဖြစ်သွားတာပါလိမ့်'

'ဒီလို ဆို တော့လည်း တယ် ရဲရင့်ပြတ်သားတဲ့ သဒ္ဓါတရားပါလား'

'လျှာကိုအလိုလိုက်တဲ့ လူရူးလူမိုက်လို့ ထင်ထားတာ မှားသွားပြီ'

'အံ့သြဖွယ်ကောင်း၊ ချီးကျူးဖွယ်ကောင်းလုပါပေ့'

အစရှိတဲ့ တစ်ယောက်တစ်မျိုး စကားသံတွေလည်း ပွက်လောညံနေတယ်။

ဗိမာန်မှာစောင့်နေတဲ့ ထီးချက်စောင့်နတ်သမီးတစ်ပါး ကလည်း ဝမ်းမြောက်လွန်းလို့ သာဓုခေါ်ဆိုလိုက်တယ်။ နတ်သမီးရဲ့ သာဓုခေါ်ဆိုနေသံကို သုမနသူဌေး နားနဲ့ဆတ်ဆတ်ကြားသိလိုက်ရတယ်။

'ငါ့ရဲ့စေတနာ၊ ငါ့ရဲ့လုပ်ရပ်အပေါ် ဝမ်းမြောက်လွန်းလို့ သာဓုခေါ်ဆိုနေတာ ထင်တယ်၊ ဟုတ်လား' လို့ သူဌေးက မေးကြည့်လိုက်တယ်။

အဲဒီအခါ ထီးချက်စောင့်နတ်သမီးက...

'သင် သူဌေးကို ချီးကျူးတာမဟုတ်ဘူး၊ ဆင်းရဲသားထင်းခုတ်သမားရဲ့ စေတနာမွန်မြတ်သန့်စင်လွန်းလို့၊ ထက်သန်လွန်းလို့၊ ရဲရင့်ပြတ်သားလွန်းလို့ ငါသာဓုခေါ်ဆိုနေတာ'

ဆိုပြီး ပြန်ရှင်းပြလိုက်တယ်။

နတ်သမီးစကားကြားရတဲ့အခါ သုမနသူဌေးက...

'အမောင်... အဇ္ဇဘာရ၊ ငါ အသည်းတစ်ရာပေးပါမယ်ကွာ၊ မင်းအလှူကိုလည်း အမျှဝေပေးပါ၊ ငါ သာဓုခေါ်ဆိုပါရစေ'

လို့ ဆင်းရဲသား ထင်းခုတ်သမားကို ပြောလိုက်တယ်။

'ဟာ...မလုပ်ပါနဲ့ဗျာ၊ ကျုပ်ကုသိုလ်ထုပ်ကြိုး လျော့သွားမှဖြင့်'

ဆင်းရဲသားက ကမန်းကတန်း ပြန်ပြောလိုက်တယ်။

'ဒီလိုဆို ငါးရာထိတိုးပေးတယ်ကွာ၊ ဘယ့်နယ်လဲ၊ မျှပေးနိုင်မလား'

'မလုပ်ပါနဲ့ဗျာ၊ ကျုပ်ကုသိုလ်ထုပ်ကြိုး နည်းနည်း ကလေးမှ အလျော့မခံနိုင်ပါဘူး'

'ဒီလိုဆိုလည်း တစ်ထောင်တိတိပေးမယ်ကွာ၊ တစ်ထောင်တိတိနော်၊ မင်းသေသေချာချာ စဉ်းစား'

သူ့လို ထင်းခုတ်မှ ထမင်းစားရသည့် ဆင်းရဲသား တစ်ယောက်အဖို့ တစ်ထောင်ဆိုသော ငွေကြေးမှာ အိပ်မက်တောင် မက်ဝံ့သောအရာမဟုတ်ပေ။ ငွေကြေးပမာဏမှာ နည်းနည်းနှောနှော မဟုတ်။ အသက်တစ်ထောင်ရှိက သူဌေးငယ် တစ်ယောက်ပင်ဖြစ်နေပြီ။ ဒါပေမဲ့ သူ့ကုသိုလ်ထုပ်ကြိုးကိုကော့ နည်းနည်းကလေးမှ အပွန်းအပဲ့ မခံနိုင်ဘူး။ အကြံရ ခက်နေတယ်။

ဖြစ်ပေါ်နေတဲ့ သံသယစိတ်ကို ရှင်းလင်းသွားအောင်

သိချင်တာနဲ့ မလှမ်းမကမ်းမှာ မြင်နေရဆဲ ပြန့်ကြဲသွားတဲ့ ရှင်ပစ္စေကဗုဒ္ဓါနောက်ကို တအားဒုန်းစိုင်းပြေးလိုက်သွားတယ်။ အရှင်မြတ်နားရောက်တဲ့အခါ...

"ခတ္တာရုပ်နားပါဦး အရှင်မြတ်ဘုရား၊ တပည့်တော်ရဲ့ သံသယစိတ်ကို ဖယ်ရှင်းပေးခဲ့ပါဦး၊ တပည့်တော်ရဲ့ ကုသိုလ်ကို သူဌေးမင်းက ငွေတစ်ထောင်ပေးပြီး အမျှဝေစမ်းပါ၊ ငါသာခု ခေါ်ပါရစေလို့ တောင်းပန်စကားဆိုနေပါတယ်၊ တပည့်တော်က အမျှပေးလိုက်ရင် တပည့်တော်ရဲ့ ကုသိုလ်ထုပ်ကြီး လျော့များသွားမှာလား ဘုရား၊ အဲဒါ တပည့်တော် စိုးရိမ်လို့၊ အမှန်ကို သိချင်ပါတယ်"

ဆိုပြီး အမောတကော လျှောက်တင်လိုက်တယ်။

"ဟဲ့... ကာ၊ မင်းမှာ မီးထွန်းညှိထားတဲ့ ဆီမီးတစ်တိုင်ရှိတယ်ဆိုပါစို့၊ အဲဒါကိုကွာ လူတွေက လာလာပြီး မင်းလက်ထဲက မီးတိုင်နဲ့ သူတို့ရဲ့ မီးမထွန်းရသေးတဲ့ ဆီမီးတိုင်ကို မီးကူးယူ ထွန်းညှိကြတယ်၊ အဲဒီအခါ မင်းရဲ့ ဆီမီးအလင်းရောင် လျော့သွားသလား၊ တစ်တိုင်၊ နှစ်တိုင်၊ သုံးတိုင်၊ လေးတိုင် လာကူးတော့ မင်းဘေးပတ်လည်မှာ ပိုလို့တောင် လင်းလာတာပေါ့၊ အတိုင်တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ များလေလေ

အလင်းရောင်တွေ ဝိုလင်းလာတာပေါ့၊ လင်းလာတဲ့ အလင်းရောင်တွေအားလုံးကို မင်းက ပံ့ပိုးပေးနေရတာဖြစ်တော့ မင်းအတွက် တိုးဖို့သာရှိပါတယ်၊ လျော့သွားဖို့အကြောင်းမမြင်၊ လျော့ဖို့ မရှိပါဘူးကွာ'

ရှင်ပစ္စေကဗုဒ္ဓါက ရှင်းလင်းဖြေကြားလိုက်တယ်။

ဆင်းရဲသားဟာ ရှင်ပစ္စေကဗုဒ္ဓါအပါးမှ ရှိသေစွာ ပြန်ထွက်လာခဲ့တယ်။ သူဌေးကြီးကို မျှဝေပေးလိုက်တယ်။ စိတ်ထဲမှာလည်း ပီတိဖြစ်နေတယ်။

နောက်...

အနီးအပါးမှာရှိနေကြတဲ့ သူတွေကလည်း ဆင်းရဲသားရဲ့ အံ့မခန်းအလှူကို သဘောကျလွန်းလို့ သူတို့ကိုပါ မျှဝေပေးဖို့ ဝိုင်းဝန်းတောင်းပန်လာကြပြန်ဘယ်။ ဆင်းရဲသားလက်ထဲကို တတ်အားသမျှ ကူဌေးတွေ ထည့်ပေးလိုက်ကြတယ်။

ဆင်းရဲသားရဲ့အလှူကို သူဌေးအပါအဝင် ပရိသတ်တွေအားလုံးက ပီတိခွဲဝေယူနေကြတဲ့အကြောင်း နှန်းတွင်းကပါကြားသိသွားတယ်။ ဘုရင်၊ မိဖုရားနဲ့တကွ နန်းတွင်းသားတွေကလည်း ဆင်းရဲသားလက်ထဲ ငွေကြေးများ ထည့်ကာ သာဓုဝေယ်ယူခေါ် ဆိုလိုက်ကြပြန်ပါတယ်။

ဝိတိကို မျှဝေပေးခဲ့တဲ့ ဆင်းရဲသားဟာ လက်ရှိဘဝမှာ အကျိုးကျေးဇူး ချက်ချင်းခံစားခဲ့ရတယ်။ နောင်အခါ သာသနာမှာ 'အရှင်အနုရုဒ္ဓါ' အဖြစ် ထင်ရှားကျော်ကြားခဲ့ပါတယ်။ အမျှဝေစု သာဓုဝင်ယူခဲ့သူ သုမနသူဌေးကြီးကတော့ အရှင်အနုရုဒ္ဓါရဲ့ တပည့် 'သုမနသာမဏေ' အဖြစ်နဲ့ ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်ခဲ့ရပါတယ်။

သင်ခန်းစာ

ကုသိုလ်ကောင်းမှုအပေါ် ဝမ်းသာပီတိဖြစ်တဲ့စိတ်ဟာ တန်ဖိုးကြီးမြတ်လှကြောင်း သိနိုင်ပါတယ်။

❀ ❀ ❀

အဘိုးအိုပေးတဲ့ ပေစာတစ်ထုပ်

ဟိုရှေးအခါက ဘောဂပြည်မှာ ဉာဏရာဇာမင်းကြီး စိုးစံနေတယ်။ မင်းကြီးမှာ ဗလနဲ့ သောမ အမည်ရှိ သားတော် နှစ်ပါးရှိတယ်။ သားတော်ကြီးဗလဟာ မာန်မာနကြီးတယ်။ စိတ်သဘောထား မကောင်းဘူး။ သားတော်ငယ် သောမက တော့ သူ့နောင်တော်ကြီးနဲ့ မတူဘူး။ မာန်မာနမရှိဘူး။ မိမိ ကိုယ်ကို မိမိ နှိမ့်ချစွာ နေထိုင်တယ်။ မျူးမတ်ပြည်သူတွေကို ရိုသေလေးစားစွာ ဆက်ဆံတယ်။ စိတ်နေသဘောထား ဖြူစင် တယ်။

တစ်နေ့မှာ ဗလဟာ သားနားစွာ ဝတ်စားဆင်ယင်ပြီး မြင်းစီးကာ မင်းပွဲသဘင်ကို တက်ရောက်ရန်ထွက်ခွာလာတယ်။

သူ့ရဲ့ဇရုပ်မှာ ဆင်းရဲသားအဘိုးအိုတစ်ယောက်ဟာ လွယ်အိတ်တစ်လုံးလွဲယိုင်ကာ လမ်းလျှောက်နေတယ်။ ခရီးသွားအဘိုးအိုဟာ သူ့ခရီးကိုသာ အားတင်းပြီး လျှောက်လှမ်းနေရတာကြောင့် နောက်ကလာနေတဲ့ မင်းသားကို ဂရုမထားမိဘူး။ သာနေမှန်းလည်း မသိဘူး။

ဒီတော့ လမ်းဖယ် မပေးမိဘူးပေါ့။

အဲဒီအခါမှာ ဗလက သူလာနေတာကို လမ်းဖယ်မပေးရကောင်းလားဆိုပြီး စိတ်ဆိုးကာ အဘိုးအိုကို ခဲဆိုကြိမ်းမောင်းကာ မြင်းနဲ့ဝင်တိုက်သွားတယ်။ အဘိုးအိုခမျာ ဘုမသိ ဘမသိနဲ့ လမ်းဘေး ခွေခနဲလဲကျသွားခဲ့ရတယ်။ နာကျင်သွားတာ ကြောင့် တော်တော်နဲ့ ပြန်တလို့ မရဖြစ်နေတယ်။

ဆောင်တော်ဗလရဲ့နောက်က လိုက်လာတဲ့ ညီငယ် မင်းသား သောမက ဖြစ်ပျက်ပုံ အလုံးစုံကို ကွေ့မြင်သွားတယ်။ ခွေလဲသွားတဲ့ အဘိုးအိုနားရောက်တဲ့အခါ မြင်းပေါ်က ဆင်းခနဲ ခုန်ဆင်းလိုက်တယ်။ အဘိုးအိုကို ကြင်နာယုယစွာ ဖေးကူထူမပေးလိုက်တယ်။ အဘိုးအိုရဲ့ခြေထောက် အနည်းငယ် နာသွားကြောင်း သိလိုက်ရတယ်။ သောမမင်းသားဟာ လမ်းကောင်းကောင်း ဆက်မလျှောက်နိုင်တော့တဲ့ အဘိုးအိုကို သူမြင်းပေါ်

တက်စီးစေပြီး လိုရာခရီးသွားစေတယ်။ သူ့မြင်းကိုပါ အပြီး အပိုင်ပေးလိုက်တယ်။ အဘိုးအိုဟာ သောမမင်းသားကို ကျေးဇူး အလွန်တင်သွားတယ်။ သူ အမြတ်တနိုးသိမ်းဆည်းထားတဲ့ လွယ်အိတ်ထဲမှာပါလာတဲ့ ပေစာထုပ်ကို ထုတ်ကာ သောမအား ပေးလိုက်တယ်။

'အရှင့်သားရဲ့ကျေးဇူးဟာ ကြီးမားလှပါပေတယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီပေစာထုပ်ကို လက်ဆောင်အဖြစ်ပေး ပါရစေ၊ လက်ခံပါ၊ ဒီပေစာထုပ်ဟာ သုတရတနာကျမ်းစာဖြစ် ပါတယ်၊ အစမှအဆုံးတိုင် ဖတ်ရှုလေ့လာပါ၊ ဉာဏ်ပညာဗဟု သုတများ တိုးပွားလာပါလိမ့်မယ်'

သောမဟာ ပေစာထုပ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ရယူလိုက်တယ်။ အဘိုးအိုဟာ မြင်းစီးပြီး သူ့ရဲ့လိုရာခရီး ဆက်သွားတယ်။ သောမမင်းသားငယ်လေးကတော့ မင်းပွဲ သဘင်ကို ခြေကျင်ဆက်ပြီး လျှောက်သွားခဲ့တယ်။

♥

နောက်ခြောက်လခန့်ကြာပြီးတဲ့အခါ အိမ်နီးချင်း တိုင်း ပြည်တစ်ပြည်မှ သံတမန်အဖွဲ့တစ်ဖွဲ့ဟာ ဘောဂပြည်ကို ရောက်

လာတယ်။ မင်းကြီးကို ဝင်ရောက်ခစားဖူးတွေ့ကြတယ်။ နောက်ပြီး...

'အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ ဉာဏ်ပညာကြီးမားပြီး ပညာရှိမှူးမတ်တွေလည်း ပေါများတယ်လို့ ကြားသိရပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုးတို့နိုင်ငံမှ ဘုရင်မင်းမြတ်နဲ့ မှူးကြီးမတ်ကြီးတွေ တိုင်ပင်ကာ ဉာဏ်ရည်စမ်း မေးခွန်းသုံးသွယ်မေးရန် လာရောက်ခြင်းဖြစ်ပါတယ်၊ ဖြေကြားပေးတော်မူပါ'

လို့ လျှောက်တင်ပြီး ရွှေပေလွှာကို ဆက်သလိုက်ကြတယ်။ ရွှေပေလွှာပေါ်မှာ ရေးထိုးထားတဲ့ မေးခွန်းသုံးသွယ်မှာ

(၁) အရိုးသာ အတောင်အမြီးဖြစ်သော ငှက်သည် အဘယ်ငှက်နည်း။

(၂) အသားသာ အတောင်အမြီးဖြစ်သော ငှက်သည် အဘယ်ငှက်နည်း။

(၃) အမွေးသာ အတောင်အမြီးဖြစ်သော ငှက်သည် အဘယ်ငှက်နည်း။

အစရှိတာတွေဖြစ်ကြတယ်။

မင်းကြီးနဲ့ ပညာရှိမှူးမတ်တွေ အမျိုးမျိုးတွေးတော

ကြဲဆကြတယ်။ ဒါပေမဲ့ အဖြေဟာ ထွက်ပေါ်မလာခဲ့ဘူး။ ဒီတော့ (၃)ရက်မြောက်မှာ ဖြေဆိုပေးမယ်လို့ ချိန်းဆိုလိုက်ရတယ်။ အဖြေရဖို့ အကြံအိုက်၊ အခက်တွေ့နေကြရတယ်။

♥

သားတော်ကြီးဗလက ဒီလို ကတ်သီးကတ်သတ်၊ ခဲရာခဲဆစ်မေးခွန်းတွေ လာမေးရပါမလားဆိုပြီး ဒေါ်ဖောင်းကာ သံအဖွဲ့ဝင်တွေကို ရန်လုပ်တယ်။ ဖမ်းဆီးသတ်ဖြတ်ပစ်မယ် တကဲကဲ လုပ်နေတယ်။ မင်းကြီးက တားမြစ်ပေမယ့် မနာခံတာကြောင့် တိုင်းပြည်က နှင်ထုတ်ပစ်လိုက်ရတယ်။

အဲဒီအခါမှာ သားတော်ငယ် သောမက ဖခင်မင်းကြီးထံ ချဉ်းကပ်ပြီး မိမိဟာ မေးခွန်းသုံးသွယ်ကို ဖြေဆိုနိုင်ကြောင်း၊ ဆင်းရဲသားအဘိုအိုးတစ်ယောက် ပေးသွားတဲ့ သုတရတနာကျမ်း ပေစာထုပ်ကို လေ့လာဖတ်ရှုထားရသဖြင့် မိမိကောင်းစွာ ဖြေဆိုနိုင်ခြင်းဖြစ်ကြောင်း လျှောက်တင်လိုက်တယ်။

မင်းကြီးနဲ့ မှူးမတ်များ စိတ်အေးသွားကြရတယ်။

မေးခွန်းသုံးသွယ်ကို ဖြေဆိုရမည့် ချိန်းဆိုထားတဲ့ရက် ရောက်လာတယ်။

အမေးပုစ္ဆာဖြေဆိုပွဲကို ညီလာခံခန်းမဆောင်ထဲမှာ ကျင်းပခဲ့တယ်။ မှူးမတ်ဗိုလ်ပါတွေ စုံညီစွာတက်ရောက်ကြတယ်။ အိမ်နီးချင်းနိုင်ငံက သံတမန်အဖွဲ့ဝင်တွေလည်း ရောက်ရှိနေရာယူထားကြပြီ။ သားတော်ငယ် သောမဟာ ပရိသတ်ဗိုလ်ပုံအလယ်မှာ ရဲဝံ့စွာ ထိုင်ပြီး အဖြေကို အောက်ပါတိုင်း ရှင်းလင်းပြတ်သားစွာ ဖြေဆိုပေးလိုက်ပါတယ်။

(၁) အရီးသာ အတောင်အမြီးဖြစ်သော ငှက်မှာ ဝိတုန်း ဖြစ်ပါသည်။

(၂) အသားသာ အတောင်အမြီးဖြစ်သော ငှက်မှာ ရှူးပျံ ဖြစ်ပါသည်။

(၃) အမွေးသာ အတောင်အမြီးဖြစ်သော ငှက်မှာ ဥဒေါင်း ဖြစ်ပါသည်။

သောမမင်းသားရဲ့ အဖြေကို ကြားသိလိုက်ရတဲ့အခါ သံအဖွဲ့ဝင်များက 'ဟုတ်ပါပေသည်၊ မှန်ပါပေသည်' လို့ ပြောဆို ချီးကျူးကြတယ်။ ခန်းမဆောင်တစ်ခုလုံး လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်ပေါ်လာတယ်။ မင်းကြီးနဲ့ မှူးမတ်တွေ ပြုံးပျော်ကာ ပြည်သူတစ်ရပ်လုံးကလည်း ဝမ်းသာဂုဏ်ယူမဆုံး ရှိနေကြတယ်။ သောမမင်းသားကို ဆုလာဘ်တွေချီးမြှင့်ကြတယ်။

အဲဒီနေ့မှာပဲ မင်းကြီးဟာ ပညာရှိမှူးမတ်တွေနဲ့ တိုင်ပင်ကာ သားတော်ငယ် သောမမင်းသားကို အိမ်ရှေ့မင်းသား ရာထူး ပေးအပ်ချီးမြှင့်လိုက်ပါတော့တယ်။

သင်ခန်းစာ

မာန်မာနကြီးတဲ့ ဗလမင်းသား ပျက်စီးခဲ့ရတယ်။ မာန်မာနကင်းကာ စိတ်ထားနှိမ့်ချတတ်တဲ့ သောမမင်းသားဟာ တိုးတက်ကြီးပွားခဲ့ပါတယ်။

ဒါ့ကြောင့် ကောင်းကျိုးမပေးတဲ့ မာန်မာနတရားကို သတိနဲ့ ချိုးနှိမ်ပြီး ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးမယ့် နှိမ့်ချခြင်းတရားကို အစဉ်လက်ကိုင်ထားသင့်ကြောင်း သင်ခန်းစာရယူနိုင်ပါတယ်။

* * *

ဝိရိယအကျိုး

လွန်လေပြီးသော ရှေးအခါက ဗာရာဏသီပြည်သား လှည်းမျူးကြီးတစ်ဦးဟာ နောက်ပါလှည်းသားငါးရာနဲ့အတူ ကုန်ရောင်းကုန်ဝယ်ခရီးထွက်လာခဲ့တယ်။ လမ်းခရီးမှာ အင်မတန် ကျယ်ဝန်းတဲ့ သဲကန္တာရတစ်ခုကို ဖြတ်သန်းသွားခဲ့ရတယ်။ လှည်းမျူးကြီးနဲ့အဖွဲ့ဟာ သဲကန္တာရအလယ်မှာ မျက်စိလည်လမ်းမှားနေကြတယ်။ ရက်တွေကြာညောင်းလာပေမယ့် လမ်းစရှာလို့ မတွေ့ကြသေးဘူး။ အစာရေစာလည်း ပြတ်လပ်နေပြီး လူတွေ၊ နွားတွေလည်း ပင်ပန်းနွမ်းနယ်လွန်းလို့ သေကျေပျက်စီးရတော့မည့် အခြေအနေ ဆိုက်ရောက်နေတယ်။

အဲဒီအခါမှာ လှည်းမှူးကြီးက…

'ငါ့ရဲ့အဖွဲ့သားတွေ စိတ်ဓာတ်ကျနေကြပြီ၊ ဒီအထဲ ငါကပါ စိတ်ပျက်လက်လျှော့လိုက်မယ်ဆိုရင် အားလုံးဒုက္ခရောက်၊ ဘေးတွေ့ကုန်ကြတော့မယ်၊ ဝိရိယကို တင်းထားမှဖြစ်မယ်၊ သေခါမှသေရော၊ ဝိရိယကိုတော့ အလျှော့ပေးလို့မဖြစ်ဘူး'

ဆိုပြီး သန္နိဋ္ဌာန်ချထားလိုက်တယ်။

ဒီတော့ လှည်းသားတွေကို ခေါ်ယူပြီး စုဝေးစေလိုက်တယ်။

'အမောင်တို့ စိတ်ပျက်အားမလျှော့ကြပါနဲ့၊ မကြာခင် ကံကောင်းတော့မှာပါ၊ ဒီမှာ နေဇာမြက်ပေါက်တဲ့နေရာကို တွေ့မြင်ကြတယ် မဟုတ်လား၊ နေဇာမြက်ပေါက်တဲ့ နေရာအောက် တည့်တည့်မှာ ရေရှိနေမှာ သေချာတယ်၊ ဒီတော့ ဒီနေရာမှာ ရေတွင်းတစ်တွင်းတူးကြပါ၊ ရေရရင် တို့များဘဝ စိုပြည်ပြေပေါ့၊ မဟုတ်ဘူးလား'

ဆိုပြီး အားပေးစကားပြောကာ ရေတွင်းတူးစေတယ်။

လှည်းသားတွေလည်း စိတ်ဓာတ်ခွန်အားတွေ ပြန်လည်တက်ကြွလာကာ ကြိုးစားပြီး ရေတွင်းတူးနေကြတယ်။ မခိုမကပ်ကြဘူး။ တစ်ယောက်မောရင် တစ်ယောက်နားကာ တစ်ယောက်တစ်လက်အားနဲ့ ညီညီညာညာ လုပ်ဆောင်နေကြတယ်။

ရေတွင်းဟာ အတော်ကလေးနက်သွားပေမယ့် စိတ်မလျှော့ကြသေးဘူး။ ဒီလို...ဒီလိုနဲ့ တူးလာလိုက်ကြတာ အတောင်(၆၀) လောက်အနက်အရောက်မှာ ကျောက်ဖျာကြီးတစ်ချပ် ဘွားခနဲ ပေါ်လာတယ်။ လူတွေလည်း အားကုန်နေပြီ။ မာကျောတဲ့ ကျောက်ဖျာကြီးကိုဖောက်တွင်းဖို့ ခွန်အားမရှိကြတော့ဘူး။ စိတ်ပျက်အားလျော့သွားကြတယ်။ ဆက်ပြီးမတူးချင်ကြတော့ဘူး။

ဒါပေမဲ့ လှည်းမှူးကြီးကတော့ စိတ်မလျှော့သေးဘူး။ ခွဲတင်းထားတုန်းပဲ။ ရေတွင်းထဲဆင်းကာ ကျောက်ဖျာကို နားနဲ့ကပ်ကြည့်တယ်။ ရေသံတွေကြားနေရတယ်။ ဒီတော့ ကျောက်ဖျာအောက်မှာ ရေရှိနေတာ သေချာပြီ။ သူ့ရဲ့တပည့်ရင်းကို ခေါ်ယူလိုက်တယ်။

'အမောင်...ကျန်တဲ့လှည်းသမားတွေကတော့ စိတ်ပျက်လက်လျော့သွားကြပြီ၊ အမောင်တစ်ယောက်ပဲ ကျန်တော့တယ်၊ အမောင်ကတော့ စိတ်ပျက်လက်လျော့လို့မဖြစ်သေးဘူး၊ အမောင်လက်လျော့လိုက်ရင် တို့အားလုံး သဲကန္တာရထဲမှာ သေကုန်ကြတော့မှာ၊ ရော့...ဒီမှာတူး၊ ကျောက်ဖျာကြီးကို သံတူနဲ့ ထုခွဲပါလော့၊ ဝိရိယအကျိုးကို ငါတွေ့မြင်နေတယ်'

လို့ အားပေးတိုက်တွန်းလိုက်ရပြန်တယ်။

လှည်းမှူးကြီးရဲ့ တပည့်ရင်းဟာ ဆရာ့စကားကို လေး

စားလိုက်နာသူဖြစ်တယ်။ ဆရာပြောလိုက်တာနဲ့ ကျောက်ဖျာကြီးကို သဲတူနဲ့ တဒိုင်းဒိုင်းမြည်အောင် ရိုက်ခွဲနေတယ်။ လှည်းမှူးကြီးကလည်း အနားမှာ မပြတ်အားပေးနေပါတယ်။ မောလျှင်နား၊ ချွေးထွက်လျှင် ချွေးသုတ်စေကာ ဖြည်းဖြည်းနဲ့မှန်မှန်ထုနှက်နေတယ်။ သဲတူနဲ့ ကျောက်ဖျာထိရိုက်သံဟာ ရေတွင်းထဲမှာ အဆက်မပြတ် ပေါ်ထွက်နေတယ်။ ထုရိုက်တဲ့အကြိမ်များလာတဲ့အခါမှာ ကျောက်ဖျာကြီး မခံနိုင်တော့ဘူး။ 'ခွမ်း' ခနဲ ကွဲထွက်သွားတယ်။ မရွေးမနှောင်းမှာပဲ ရေတွေဟာ 'ဗွမ်း' ခနဲ ပန်းထွက်လာပါတော့တယ်။

အားလုံးပျော်ရွှင်သွားကြရတယ်။ လှည်းမှူးကြီးရဲ့ ဝီရိယကိုလည်း –ချီးကျူးမဆုံးဖြစ်နေကြတယ်။ ထွက်လာတဲ့ရေတွေကို လူတွေ နွားတွေ ဝလင်အောင် သောက်သုံးချိုးလိုက်ကြတယ်။ ရေရရှိလာပြီဖြစ်တဲ့အတွက် အားခွန်တွေ ပြည့်ဖြိုးကာ အသက်ဘေးက လွတ်ကင်းချမ်းသာသွားခဲ့ကြရပါတော့တယ်။

သင်ခန်းစာ

လူမသေသေးလျှင် ဝီရိယကို လျှော့လို့မဖြစ်ပါဘူး။ ဝီရိယရဲ့ အကျိုး မုချခံစားရမှာဖြစ်ပါတယ်။

(ဝတ္ထုပထမတွဲ)

ꕥ ꕥ ꕥ

ကျေးဇူးရှင်ကို ပြစ်မှားသူ

ရှေးအခါက ဗာရာဏသီပြည်မှာ သူဌေးသမီး တစ်ယောက်ရှိတယ်။ အဲဒီသူဌေးသမီးဟာ ကြွမ်းတမ်းတယ်။ ယုတ်မာတယ်။ မာနကြီးတယ်။ ဒေါသလည်းကြီးတယ်။ ဒီတော့ သူ့ရဲ့လက်အောက်ခံ ကျေးကျွန်တွေကလည်း သူဌေးသမီးကို ရွံမုန်းနေကြတယ်။ သူတို့တွေဟာ မဟုတ်ဘူး။ အရပ်တွေက လူတွေကလည်း သူဌေးသမီးကို ကြည့်လို့မရကြဘူး။ မျက်မုန်းကျိုးနေကြတယ်။

တစ်ညနေ သူဌေးသမီးဟာ အစေခံကျေးကျွန်တွေနဲ့အတူ မြစ်ဆိပ်မှာ ရေဆင်းချိုးနေကြတယ်။ အဲဒီအချိန် မိုးမှောင်

ကြီးကျလာတယ်။ လေရော မိုးရော တစ်ပြိုင်နက်တည်း သည်းထန်စွာ ရွာသွန်းချလိုက်တယ်။ ရေချိုးနေတဲ့သူတွေ မြစ်ထဲဆက်နေလို့ မဖြစ်တော့ဘူး။ ကြောက်ကြောက်လန့်လန့်နဲ့ ကမ်းပေါ် ပြေးတက်လာကြရတယ်။ အစေခံတွေဟာ သူဌေးသမီးကို မြစ်ထဲမှာ တစ်ယောက်တည်း ထားပစ်ခဲ့တယ်။ ရုံ့မုန်းနေကြတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး တမင်သက်သက် ထားပစ်ခဲ့တာ။

သူဌေးသမီးဟာ ကယ်ပါယူပါ တစာစာအော်ဟစ်ရင်း မြစ်ရေစီးထဲ မျောပါသွားတယ်။ မိုးမှောင်ကြီးကျနေတော့ ကမ်းမမြင် လမ်းမမြင်ဖြစ်နေရတယ်။ မြစ်ရဲ့ အောက်ပိုင်းကမ်းခြေတစ်နေရာမှာ နေထိုင်တဲ့ ရသေ့တစ်ပါးက ဒုက္ခသည်လူတစ်ယောက်ရဲ့ အော်သံကြားလိုက်ရတဲ့အခါ သနားကရုဏာစိတ်ဖြစ်ပေါ်လာတယ်။ မိမိရဲ့ အသက်ဘေးကိုတောင် ထည့်တွက်မနေတော့ဘူး။ မြစ်ထဲလျင်မြန်စွာ ဆင်းကာ အသဲရှင်ဆီ ကူးခတ်ကာ ဆယ်ယူလာတယ်။

ရသေ့ရဲ့ကျောင်းသခင်မ်းမှာ ဒုက္ခသည်မလေးကို နှစ်ရက် သုံးရက်ထားကာ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တယ်။ အနားယူပြီးတဲ့နောက် မိမိလိုရာခရီးကို ဆက်သွားပါတော့လို့

ပြောလိုက်တယ်။ မိန်းကလေးဟာ ဗာရာဏသီကို မပြန်တော့
ဘူး။ မိမိရဲ့ မာယာလက်နက်တွေကို အစွမ်းကုန် အသုံးပြု
ကာ သူတော်ကောင်းရသေ့ကို မြှူဆွယ် ဖျက်ဆီးလိုက်တယ်။
ဉာဏ်မခိုင်တဲ့ ရသေ့လည်း စွာန်ယိုင်ကာ လူထွက်သွားခဲ့ရ
တယ်။

ရသေ့လူထွက်လင်မယားနှစ်ယောက်ဟာ ရွာတစ်ရွာ
မှာ သွားရောက်နေထိုင်ပြီး ယက်တက်ရည်ရောင်းကာ အသက်
မွေးနေကြရတယ်။ ရသေ့လူထွက်ဆိုတော့ လူရည်မလည်ဘူး။
မလုပ်တတ် မကိုင်တတ်ဘူး။ ဒီကော့ သူတို့နှစ်ဦးဟာ ဆင်းရဲ
ချို့တဲ့စွာ နေထိုင်ကြရတယ်။

တစ်နေ့မှာတော့ သူတို့နေတဲ့ရွာကို လူဆိုးမားပြတွေ
ဝင်ရောက်လာကြတယ်။ လုယက်လို့ရတဲ့ ဥစ္စာပစ္စည်း အထုပ်
အပိုးတွေကို သယ်ဆောင်ပေးရန် အမျိုးသမီးတွေကိုပါ ဖမ်းဆီး
ခေါ်ဆောင်သွားကြတယ်။ အထုပ်ရွက်အမျိုးသမီးတွေထဲမှာ
ရသေ့လူထွက်ရဲ့ဇနီး၊ ရေမျှောကမ်းတင် သူဌေးသမီးလည်း ပါ
သွားတယ်။ ကျန်တဲ့ အမျိုးသမီးတွေကိုတော့ ပြန်လွှတ်ပေးလိုက်
တယ်။ ရသေ့ရဲ့ ဇနီးကိုတော့ ရှပ်ချောတယ်ဆိုပြီး သူခိုးခေါင်း
ဆောင်က နှစ်သက်ကာ ပြန်မလွှတ်တော့ဘူး။ ဇနီးမယားအဖြစ်

သိမ်းပိုက်ထားလိုက်တယ်။

ရသေ့လူထွက်ကတော့ သူ့မိန်းမပြန်လာနိုး ပြန်လာနိုးနဲ့ ရွာဝမှာ စောင့်မျှော်နေရှာတယ်။ သူ့မိန်းမက သူ့ကိုချစ်တယ်။ သူ့ကို မပြတ်နိုင်ဘူး။ တစ်နေ့နေ့တော့ ပြန်လာမှာပဲလို့ ရသေ့လူထွက် ယုံကြည်နေတယ်။ ဒါပေမဲ့ သူ့မိန်းမကတော့ ခိုးသူကြီးဆီမှာ ပျော်နေပြီ။ ကောင်းကောင်းမွန်မွန်၊ ဖိမ်ကျကျနဲ့ နေရလို့ ရသေ့လူထွက် ပြန်လာခေါ်မှာတောင် စိုးရိမ်နေတယ်။ ဆင်းရဲတဲ့ ရသေ့လူထွက်ဆီ ပြန်မသွားချင်တော့ဘူး။ ဒီတော့ ခင်ပွန်းဟောင်းရသေ့ကို အပြတ်ရှင်းပစ်ရမယ်လို့ ကြံစည်နေပါတော့တယ်။

လူတစ်ယောက်ကို ရသေ့လူထွက်ထံ စေလွှတ်ပြီး "သူခိုးကြီး လက်ထဲမှာနေရတာ ပင်ပန်းဆင်းရဲလွန်းလှပါတယ်၊ ဇာစ်ရက်မျှ မပျော်မွေ့ပါဘူး၊ အမြန်လာခေါ်ပါတော့" ဆိုပြီး အကြောင်းကြားလိုက်တယ်။

ရသေ့လူထွက် အမြန်လိုက်လာတယ်။ ခိုးသူကြီးမရှိခိုက် တဲတစ်တဲမှာ လျှို့ဝှက်စွာ တွေ့ကြတယ်။ မယားဖြစ်သူက ညကျမှ ထွက်ပြေးရအောင် ဒီတဲထဲမှာပဲ ပုန်းနေဆိုပြီး မှာကြားသွားတယ်။

ခိုးသူကြီးပြန်ရောက်လာတဲ့အခါမှာ သူ့ဆွေးသမီးက စိုးရိမ်ပူပန်နေတဲ့ လေသံနဲ့ ပြောပြနေပြန်တယ်။

'ချစ်လင်ကြီးရေ ကျုပ်ရဲ့လင်ဟောင်း၊ တော့်ရဲ့ရန်သူဟာ အခုတဲထဲရောက်နေပါတယ်၊ ကျုပ်ကြောက်တယ်၊ အဲဒါ အမြန်သွားရောက်သတ်ပစ်လိုက်ပါတော့'

ခိုးသူကြီးဟာ တဲဆီအမြန်ထွက်သွားတယ်။ ရသေ့လူထွက်ကို ဖမ်းဆီးကာ ရိုက်ပုတ်ထုထောင်း နှိပ်စက်တယ်။ သူတကာတွေလို နာကျင်လို့ ညည်းညူအော်ဟစ်တာမျိုး မရှိဘူး။ 'ဒေါသကြီးတယ်၊ ကျေးဇူးကုန်းတယ်၊ ကုန်းချောတတ်တယ်၊ ခင်ပွန်းပြစ်မှားတယ်' ဆိုတဲ့ စကားလေးခွန်းကိုသာ တွင်ကြီး အော်ဟစ်နေတယ်။ နှိပ်စက်ရတဲ့ ခိုးသူကြီး အံ့အားသင့်နေရတယ်။

ဒါကြောင့် အော်ဟစ်နေတဲ့ စကားလေးခွန်း အကြောင်းမေးကြည့်လိုက်ရတယ်။

ရသေ့လူထွက်ကလည်း သူ့မိန်းမကို ရေမှုဆယ်ယူခဲ့ရပုံ၊ ဖြားယောင်းခံခဲ့ရပုံ၊ ဆင်းရဲစွာအသက်မွေးနေရပုံ၊ ခုလို ရန်သူ့လက်ထဲရောက်အောင် ဉာဏ်ဆင်ခံခဲ့ရပုံတွေကို စုံလင်စွာ ပြောပြလိုက်တယ်။

ရသေ့လူထွက်ရဲ့စကားကို ကြားသိလိုက်ရပြီးတဲ့အခါမှာ ခိုးသူကြီး သတိသံဝေဂတွေ ဝင်လာတယ်။

'ဒီမိန်းမဟာ မိမိရဲ့ အသက်သခင်ကျေးဇူးရှင်လင်၊ ရသေ့လူထွက်အပေါ်ကိုတောင် ပြစ်မှားရက်စက်တယ်၊ ငါလို လူမျိုးအပေါ်ဆို ကျေးဇူးတရားထောက်ထားဖို့ဆိုတာ ဝေလာဝေး၊ ရသေ့လူထွက်ထက်ပိုဆိုးသွားနိုင်တယ်'

အဲဒီနောက် ခိုးသူကြီးဟာ ရသေ့လူထွက်ကို စိတ်အေးချမ်းသာစွာ နေပါတော့လို့ ပြောဆိုနှစ်သိမ့်ထားလိုက်တယ်။ မိန်းမကိုပါခေါ်ယူပြီး သုံးယောက်သား တောထဲထွက်ခွာသွားကြတယ်။ တောထဲရောက်တဲ့အခါမှာ ခိုးသူကြီးက…

'ကိုင်း… မိန်းမရေ၊ နင့်ယောကျ်ားဟောင်း ငါ့ရဲ့ ရန်သူနံပါတ်တစ်ကို ငါသတ်ပစ်လိုက်တော့မယ်၊ နင်ကိုယ်တိုင် သူ့လက်ကို ချုပ်ကိုင်ထားပေး'

လို့ ပြောလိုက်တယ်။

ခိုးသူကြီးဟာ ရသေ့လူထွက်ကို ဓားနဲ့ခုတ်ပိုင်းတော့ မည့်ဟန်ပြင်ပြီး မိန်းမယုတ်ကိုသာ ခုတ်ပိုင်းပစ်လိုက်ပါတော့တယ်။

ကျန်ရစ်ခဲ့တဲ့ ခိုးသူကြီးနဲ့ ရသေ့လူထွက်နှစ်ယောက် ဟာလည်း နောင်တတရားတွေရကာ လူဝတ်ကြောင်ဘဝနဲ့ မနေကြတော့ဘူး။ ရသေ့ရဟန်းပြုကာ တရားကျင့်ကြံအားထုတ်နေကြပါတော့တယ်။

သင်ခန်းစာ

ကြမ်းတမ်းခက်ထန်ခြင်း၊ မာန်မာနကြီးခြင်းဟာ မိမိအတွက် ရန်များပါတယ်။ အဲဒီမာန်မာနက တစ်နေ့နေ့မှာ မိမိကို ပြန်ဒုက္ခပေးတတ်ပါတယ်။

ကျေးဇူးရှင်ပြစ်မှားသူတွေဟာ နောက်ဆုံးတစ်နေ့မှာ ဒုက္ခလှလှနဲ့ မုချမသေ ဆုံကြရမှာဖြစ်တယ်။

(တက္ကသိုလ်တိုတောတ်)

* * *

နတ်သမီးလေး တောင်းသော ဆု

ရှေးအခါက…

ဗာရာဏသီပြည်မှာ ပုဏ္ဏားလူငယ်တစ်ယောက် ရှိခဲ့တယ်။ သူဟာ အချိန်တန်အရွယ်ရောက်လို့ အတတ်ပညာစုံလင်စွာ သင်ယူပြီးတဲ့အခါမှာ တောမြို့ရိပ် ခိုဝင်ကာ ရသေ့ရဟန်း ပြုနေလိုက်တယ်။

ရှင်ရသေ့ နေထိုင်ရာ ကျောင်းသခင်မ်းအနီးက ရှင်ရသေ့ကျင့်ဝတ်စွန့်ရာ မြက်ခင်းပြင်ကို သမင်မတစ်ကောင်ဟာ နေ့စဉ်နေ့တိုင်း လာရောက်စားသောက်နေတယ်။ သမင်မဟာ ရှင်ရသေ့ကို တပ်မက်နေတဲ့စိတ် ရှိနေပြီဆိုတာကို ရသေ့ သိနေတယ်။

ဒီတော့ ရှင်ရသေ့ဟာ သမင်မကို တစ္ဆေတစောင်း အကဲခတ် ကြည့်နေတယ်။ အဲဒီလို ကြည့်နေရင်းက သမင်မဟာ ကိုယ်ဝန် နေ့စေ့လစေ့ဖြစ်လာပြီး လူသားယောကျ်ားငယ်လေးတစ်ယောက် မွေးဖွားလာတယ်။ အဲဒီကလေးကို ရသေ့က ကောက်ယူမွေးစား ပြီး 'ဣသိသိင်္ဂ'လို့ အမည်ပေးထားတယ်။

ဖခင် ရသေ့ဟာ မွေးစားသားငယ်ကို အရွယ်ရောက် လာတဲ့အခါမှာ ရသေ့ပြုပေးတယ်။ အကျင့်မြတ်တွေကို သင် ကြားပေးတယ်။ တစ်နေ့မှာ ဖခင်ရသေ့ကြီးက သားရသေ့ကို တောထဲခေါ်သွားကာ...

'သားရေ... ဒီပန်းပွင့်လေးတွေကို ကြည့်စမ်းပါ၊ ဒီပန်းပွင့်လေးတွေဟာ လူမိန်းမနဲ့ တူတယ်၊ ဟိမဝန္တာတောထဲ မှာ လူမိန်းမတွေ ရှိတယ်၊ အဲဒီ လူမိန်းမတွေကို အရောမဝင်နဲ့၊ မဆက်ဆံနဲ့၊ သူတို့ဟာ သီလရှိသူကို ဖျက်ဆီးတတ်ကြတယ်၊ အဲဒါ မင်း တစ်သက်လုံး မှတ်သားထားပေရော့'

ဆိုပြီး ပြောဆို ဆုံးမလိုက်တယ်။

အချိန်တန်တဲ့အခါ ရသေ့ကြီး ကွယ်လွန်သွားတယ်။ ရသေ့ကြီးဟာ ဗြဟ္မာ့ပြည် ရောက်သွားတယ်။ ဖခင်ရသေ့ကြီး မရှိတဲ့နောက်ပိုင်း သားရသေ့ဟာ တရားကို ပြင်းပြင်းထန်ထန်

ကျင့်ကြံအားထုတ်နေခဲ့တယ်။ စွာန်ရပြီး ဘုန်းတန်ခိုး ထက်မြက်လာတယ်။

ရသေ့ငယ်ရဲ့ အကျင့်ထူးကြောင့် သိကြားမင်းကြီး ထိုင်နေတဲ့ မြကျောက်ဖျာ ပူနွေးတင်းမာလာတယ်။ သိကြားမင်းကြီးက လူပြည်မှာ ဘာဖြစ်နေပြီလဲဆိုတာ လှမ်းကြည့်လိုက်တယ်။

'အလို... ရှင်ရသေ့ငယ်ရဲ့ အကျင့်မြတ်ကြောင့်ပါ လား၊ တစ်နေ့နေ့ ရှင်ရသေ့ကွယ်လွန်ရင် ငါ့နေရာကို ရောက်လာတော့မှာပဲ၊ ဒီရသေ့ ရောက်မလာနိုင်အောင် အကျင့်ပျက်သွားအောင် ကြိုလုပ်ထားမှ ဖြစ်တော့မယ်' ဆိုပြီး မနာလို၊ ဝန်တိုစိတ်တွေ ဖြစ်ပေါ်လာတယ်။

နတ်သမီးတွေ များစွာရှိတဲ့အထဲက သူ့စိတ်ကြိုက် 'အလမ္ဘုသာ' ယခု လူပြည်ကိုသွားပါ၊ အကျင့်သီလခိုင်မြဲပြီး တန်ခိုးထက်မြက်နေတဲ့ ဣသိသိဂံရသေ့ထံသွားကာ သင့်ရဲ့ မာယာအတတ်နဲ့ သီလပျက်အောင် ဖြားယောင်းဖျက်ဆီးပေးစေလိုပါတယ်၊ ငါ သိကြားနဲ့ နတ်အများကိုယ်စား တာဝန်ပေးပါတယ်'

'နန္ဒဝန်ဥယျာဉ်ထဲမှာ ကျွန်မထက်လှတဲ့ နတ်သမီးတွေ

များစွာရှိနေပါတယ်၊ ကျွန်မရဲ့ကိုယ်စား သူတို့ထဲက တစ်ယောက်ယောက်ကို စေလွှတ်သင့်ပါတယ်၊ ငရဲကျစေမယ့် မိုက်ရွားရဲအလုပ်ကို မလုပ်ပါရစေနဲ့'

နတ်သမီးလေးက ငြင်းဆိုတယ်။

'မှန်ပါတယ် နတ်သမီး၊ သင့်ထက် ချောမောလှပသူတွေ တစ်ပုံတစ်ပင် ရှိပါတယ်၊ ဒါပေမဲ့ သူတို့ဟာ ယောကျ်ားတွေကို သင့်လောက် ဆွဲဆောင်နိုင်စွမ်း မရှိဘူး၊ သင်ပဲ သွားရပါလိမ့်မယ်'

သိကြားမင်းကြီးက အမိန့်နဲ့ခိုင်းစေလိုက်တာကြောင့် နတ်သမီးကလေးဟာ စိတ်ပျက်လက်ပျက်နဲ့ လှေပြည် ဆင်းသွားရရှာတယ်။ သိကြားမင်းနဲ့အဖွဲ့ကလည်း နတ်သမီးလေးရဲ့ နောက်ကနေ စောင့်ကြည့်နေကြတယ်။

နေထွက်ပြူစအချိန် ရသေ့ရှိရာ ကြက်မောက်တောထဲ ရောက်ခဲ့ရတယ်။ ကျောင်းသခင်မ်းရှေ့က မီးတင်းကုတ်မှာ တံမြက်လှည်း သန့်ရှင်းရေးလုပ်နေတဲ့ ရသေ့ မြင်လောက်တဲ့ နေရာမှာ နတ်သမီးကလေးက ရပ်နေလိုက်တယ်။

လှပတဲ့ နတ်သမီးလေးတစ်ပါးကို တွေ့မြင်လိုက်ရတဲ့ ရသေ့ဟာ အံ့အားသင့်သွားရတယ်။ အတန်ကြာအောင် ငေး

ကြည့်ပြီးတဲ့နောက်...

'အဝတ်အစားတွေကလည်း ဆန်းပြား၊ ပုလဲလည်ဆွဲ၊ ပတ္တမြားနားဇွောင်းနဲ့ ကြယ်တစ်ပွင့်လို လင်းလက်၊ ရနံ့ကလည်း မွှေးကြိုင်၊ ခါးသေး ရင်ချို၊ လည်တိုင်ကလည်း ကြော့ရှင်း၊ နီမြန်းတဲ့ နှုတ်ခမ်းအစုံနဲ့ တင့်တယ်လွန်းတဲ့ သင်ဟာ ဘယ်သူလဲ'

ဆိုပြီး မေးမြန်းကြည့်တယ်။

နတ်သမီးဟာ ရသေ့ကိုကြည့်ပြီး သူ့ဘက် စိတ်ညွှတ်လာပြီဆိုတာကို သိလိုက်တာကြောင့် 'အပြင်မှာ ရပ်နေကြလို့ အမြင်မတော်ပါဘူး၊ ကျောင်းတွင်း ဝင်ကြပါစို့' လို့ ပြောလိုက်တယ်။

ရသေ့ဟာ ငေးမြဲ ငေးနေဆဲဖြစ်တယ်။

နတ်သမီးက ခဏအကြာမှာ ပြန်တော့မည့်ဟန် ပြင်လိုက်တယ်။

အဲဒီတော့မှ ငေးမောနေတဲ့ ရသေ့ဟာ အတင်းထပြီး နတ်သမီးရဲ့ဆံပင်ကို လှမ်းဆွဲထားလိုက်တယ်။ နတ်သမီးလေးက ရှင်ရသေ့ဘက်လှည့်ကာ ရင်ဆွေးပေးလိုက်တယ်။ ရသေ့နဲ့ အတူ တွဲဖက်ကာ ကျောင်းသခီမ်းထဲ ဝင်သွားကြတယ်။ ရသေ့

စျာန်လျှောသွားခဲ့ရတယ်။

နတ်သမီး တောင့်တလိုက်တဲ့အတိုင်း သိကြားမင်းကြီး ကလည်း နတ်အခြွေအရံများနဲ့ ရွှေဗိမာန်ကျက်မိုး၊ ရွှေကော်ဇော အထပ်ထပ်ခင်းထားတဲ့ နတ်ရွှေပလ္လင်ကို ချက်ချင်းပို့ဆောင်ပေး လိုက်တယ်။ အဲဒီ ပလ္လင်ပေါ်မှာ ရသေ့နဲ့ နတ်သမီးတို့ အာရုံ ခံစား ပျော်ပါးနေလိုက်ကြတယ်။ နတ်တို့ရဲ့ သက်တမ်းအရ အချိန်တစ်ခဏမျှသာ ဖြစ်သော်လည်း လူတို့သက်တမ်းအရ အချိန်သုံးနှစ်မျှ ကြာညောင်းသွားခဲ့ရတယ်။

နတ်တို့ရဲ့ ကာမဂုဏ်အထိအတွေ့ကို ခံစားပြီးဆုံးသွား တဲ့အခါ ရသေ့ဟာ အိပ်ပျော်နေရာမှ နိုးလာသူပမာ ငေးမှိုင် လျက် ရှိနေပါတော့တယ်။

ကျောင်းသခင်မ်းရဲ့ရှေ့ မီးတင်းကုတ်ကိုလည်း မြက် ရိုင်းတွေ ဖုံးအုပ်နေတာ၊ ကြက်မောက်တော ထန်းကျင်မှာ ရွက်နု တွေ ဝေဆာ၊ ပန်းသစ်တွေ ပွင့်နေကြတာ တွေ့မြင်လိုက်ရ တယ်။ ကျေးငှက်တွေလည်း တွန်သံပေးနေကြတယ်။

'ငါ့မှာ သီလမရှိတော့ပြီ၊ စျာန်လည်း မရှိတော့ပြီ၊ ငါ့ကို ဘယ်သူ လာရောက်ဖျက်ဆီးတာလဲ၊ ဖခင်ကြီးစကား မနာယူ မိလို့ ငါ မှားပြီ'

ဆိုကာ လှိုက်လှိုက်လဲ့လဲ့ ငိုကြွေးနေတယ်။

နတ်သမီးက ဖြစ်ကြောင်းကုန်စင်ပြောကာ ကိုယ်ထင်ပြလိုက်တယ်။ ရသေ့ကို အပြစ်မှခွင့်လွှတ်ဖို့ တောင်းပန်တယ်။

'ခွင့်လွှတ်ပါ ရှင်နတ်သမီး၊ သိကြားမင်းကြီးနဲ့ နတ်အပေါင်းလည်း ကျန်းမာချမ်းသာကြပါစေ၊ ပျက်ခဲ့ရတဲ့သီလကို ပြန်လည်စောင့်ထိန်းပြီး ယခင်အတိုင်း ကျင့်ကြံပါတော့မယ်'

ရသေ့ဟာ တစ်ထိုင်တည်းနဲ့ ဈာန်တန်ခိုးများ ပြန်ရသွားတယ်။ နတ်သမီးလေးဟာ သူကျူးလွန်ခဲ့မိတဲ့ အပြစ်တွေကို တွေးတွေးပြီး ထိတ်လန့်နေတယ်။ ရသေ့ရဲ့ ရှေ့မှောက်မှာ လက်အုပ်ကလေးချီပြီး...

'အရှင်ရသေ့မြတ်... ကျွန်တော်မဟာ အရှင့်ကို ကြည်ညိုလေးစားလွန်းလှပါတယ်၊ သိကြားမင်းကြီးနဲ့ နတ်အများရဲ့ တာဝန်ပေးချက်အရ နှောင့်ယှက်ဖျက်ဆီးခဲ့ရတာပါ၊ အပြစ်မှ သည်းခံခွင့်လွှတ်တော်မူပါ'

ဆိုကာ ခြေအစုံမှာ ဦးခိုက်တောင်းပန်ရှာတယ်။

'အို... နတ်သမီး သင်လည်း ချမ်းသာပါစေ၊ သိကြားမင်းကြီးနဲ့ နတ်အပေါင်းများလည်း ချမ်းသာကြပါစေ၊ မိမိ လိုရာခရီး ပြန်နိုင်ပါပြီ'

နတ်သမီးလေးဟာ နတ်ပြည် ပြန်ရောက်လာခဲ့တယ်။ အမှုတော်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့တာကြောင့် သိကြားမင်းကြီး ကျေနပ်သွားတယ်။ လိုရာဆုကို ပန်ဆင်စေတယ်။

နတ်သမီးကလေး လိုက်လိုက်လဲ့လဲ့ ပန်ဆင်လိုက်တဲ့ ဆုကတော့...

'နောင်အခါများမှာ သီလရှိသူကို နှောင့်ယှက်ဖျက်ဆီးရသော မာယာရှင် မဖြစ်ပါရစေနဲ့ ဘုရား'

ဖြစ်ပါတော့တယ်။

အလမ္ဘသာဇာတ်

* * *

ဂဠုန်မင်းရဲ့ ချစ်သူ

ရှေးအခါက...

နာဂဒီပကျွန်းမှာ ဂဠုန်မင်း နေတယ်။ ဂဠုန်မင်းဟာ ကြွေအိုးကစားတာ အလွန်ဝါသနာကြီးတယ်။ အဲဒီတော့ လူ ယောင်ဖန်ဆင်းပြီး ဗာရာဏသီပြည်အရောက် ကာတမ္ဘမင်းနဲ့ နေ့စဉ် ကြွေအိုးကစားလေ့ရှိတယ်။ ဗာရာဏသီမင်းကလည်း ကာလအတန်ကြာပြီဖြစ်ပေမယ့် သူ့ကစားဖော် မိတ်ဆွေကို ဘယ်တိုင်းပြည်က လာတယ်ဆိုတာကို မသိဘူး။ ကစားဖို့ပဲ အားသန်နေတယ်။ တခြား ဘာကိုမှ စိတ်မဝင်စားဘူး။ ဂဠုန် မင်းက လူယောင်ဆောင်လာနေတယ်ဆိုတာကို မရိပ်မိဘူး။

လူယောင်ဆောင်ထားတဲ့ ဂဠုန်မင်းဟာ မင်းသား ဝတ်စုံနဲ့ ယောကျ်ားပီပီသသ ချောမောလှပတဲ့ လူငယ်လေးတစ် ယောက် ဖြစ်နေတော့ နန်းတွင်းမှာရှိနေတဲ့ ရံရွေတော်တွေဟာ သူ့ကိုပဲ ငေးမောကြည့်နေကြတယ်။ လူချောလူလှလေးရဲ့ သတင်းက နန်းတွင်းမှာ ပျံ့မွှေးနေတယ်။ ဘုရင်ကြီးရဲ့ ချစ်ခင် မြတ်နိုးမှု အထူးခံရတဲ့ မိဖုရားငယ်ငယ် ချောချောကလေး သုယောနန္ဒီဟာလည်း ဥည့်သည် ကိုလူချောရဲ့သတင်း ကြားရ တော့ စိတ်ဝင်စားပြီး ရံရွေတော်တွေနဲ့အတူ ရောနှောကာ အဆောင်ဝက ရပ်ကြည့်နေမိတယ်။

နေ့စဉ်နေ့တိုင်း မိဖုရားငယ် ချောချောလေးက သူ့ကို လာကြည့်ဂုနတာကို ဂဠုန်မင်း သိသွားတယ်။ ဂဠုန်မင်းက လည်း ကြွေအိုးကစားနေရင်းက မိဖုရားငယ်လေးကို လှမ်းလှမ်း ကြည့်လေရှိတယ်။ မျက်လုံးချင်း ဆုံတွေ့ရာမှ တဖြည်းဖြည်းနဲ့ ချစ်ကျွမ်းဝင်သွားခဲ့ကြတော့တယ်။ တစ်ဦးကိုတစ်ဦး စွဲလမ်း နှစ်သက်နေကြတယ်။ ခွဲမနေနိုင်အောင် ဖြစ်သွားကြတော့ တယ်။ တစ်နေ့မှာ...

တမွမင်းနဲ့ ဂဠုန်မင်းတို့ ကြွေအိုးကစားနေခိုက် ဂဠုန် မင်းဟာ အခိုးအငွေ့တွေလွှတ်ကာ အမှောင်ချလိုက်တယ်။

သူချစ်နေတဲ့ မိဖုရားငယ်လေးကို အတောင်ကြားမှာညှပ်ကာ သယ်ယူလာခဲ့တယ်။ မှောင်နေရာမှ ပြန်လင်းလာတဲ့အချိန်မှာ မိဖုရားငယ်လေး မရှိတော့ဘူး။ ပျောက်ဆုံးနေတယ်။ ဂဠုန်မင်း ခိုးယူသွားတာကို ဘယ်သူမှ မရိပ်မိကြဘူး။

ဂဠုန်မင်းဟာ မိဖုရားငယ်လေးကို သူ့ကျွန်းပေါ်က ဗိမာန်ပေါ်တင်ထားပြီး ပေါင်းသင်းနေတယ်။ မိဖုရားငယ်လေးဟာ ဂဠုန်မင်းမှန်း သိပေမယ့် ရုပ်ချောတဲ့ ဂဠုန်မင်းသားကို ချစ်နေပြီဖြစ်တာကြောင့် တမွှမင်းကို မေ့လျော့သွားခဲ့တယ်။ မိဖုရားငယ်ဘဝကို ဇာတ်မြုပ်ပစ်လိုက်ပါတော့တယ်။

နောက်နေ့ဟွေမှာလည်း ဂဠုန်မင်းဟာ ဘုရင်ကြီးနဲ့ ကြွေအိုးကစားမြဲ လာကစားနေတယ်။ ဘုရင်ကြီးအနေနဲ့လည်း မိမိရဲ့ ကြွေအိုးကစားဖက်ဟာ မိဖုရားငယ်လေးကို ခိုးယူသွားတဲ့ ရန်သူဆိုမှန်း လုံးဝမသိရှာဘူး။ သူ့ရဲ့ ခြေမြန်တော်တွေကို အရပ်လေးမျက်နှာအနှံ့စေလွှတ်ကာ ပျောက်ဆုံးသွားတဲ့ မိဖုရားကို ရှာပုံတော်ဖွင့်စေတယ်။ ခြေမြတ်တော်တွေထဲမှာ ဘုရင်ကြီးထံပါး အမြဲတမ်း ဖျော်ဖြေတီးခတ်နေရတဲ့ စောင်းသမားလည်း ပါသွားခဲ့တယ်။

မိုရားငယ်လေးဟာ ညအချိန်မှာ ဂဠုန်မင်းနဲ့ ပေါင်း

သင်းပျော်ပါးပြီး နေ့ခင်းဘက်အချိန်မှာ ပျင်းစရာဖြစ်နေတယ်။ ဂဠုန်မင်းဟာ တစ်နေကုန် ကြွေအံသွားကစားနေတတ်တယ်။ မိဖုရားငယ်လေးဟာ နေ့ခင်းအချိန်မှာ ဗီမာန်ပေါ်ကဆင်းပြီး ပင်လယ်ကမ်းစပ်မှာ အပျင်းပြေ လမ်းလျှောက်နေလေ့ရှိတယ်။

ရှာပုံတော်အဖွဲ့ထဲ ပါနေတဲ့ စောင်းသမားဟာ ဘယ်ဆီဘယ်ဝယ်သွားရမှန်းမသိဖြစ်ကာ သဘော်ဆိပ်မှာ တွေးတောငေးမောနေတယ်။ ကုန်ရောင်းထွက်တော့မည် လှေကြီးတစ်စင်းပေါ် တက်လိုက်ခဲ့တယ်။ ပင်လယ်သမုဒ္ဒရာထဲရောက်တော့ လှိုင်းလေမိုးပြီး လှေကြီးနစ်မြုပ်ပျက်စီးသွားတယ်။ စောင်းသမားဟာ ကံကောင်းထောက်မစွာ လှေအပျက်က ပျဉ်ပြားတစ်ချပ်ကို ဖက်တွယ်စရာရခဲ့တယ်။ ပျဉ်ပြားလေးကို တွယ်ဖက်ရင်းမျောပါကာ အဝေးမှာရှိနေတဲ့ ဂဠုန်မင်းရဲ့ကျွန်း ရောက်သွားခဲ့ရတယ်။ ကျွန်းပေါ်တက်ကာ အစာရှာဖွေရတယ်။ ကမ်းစပ်မှာ အပျင်းပြေ လမ်းလျှောက်နေတဲ့ မိဖုရားငယ် သုယောနန္ဒီနဲ့ တွေ့လိုက်ရတယ်။

စောင်းသမားဟာ မိမိဟာ မိဖုရားငယ်ကို လိုက်လံရှာဖွေနေသူဖြစ်ကြောင်း မင်းကြီးထံ ပြန်လိုက်ဖို့ပြောတယ်။ သုယောနန္ဒီက မပြန်လိုတော့ဘူး။ စောင်းသမားကိုလည်း သူ

မာယာနဲ့ ဖြားယောင်းကာ ဗာရာဏသီ မပြန်နိုင်အောင် ဆွဲဆောင်ထားလိုက်တယ်။ မိဖုရားငယ်ဟာ နေ့ခင်းဘက်မှာ စောင်းသမားနဲ့ ပျော်ပါးတယ်။ ညအချိန်ကျ ဂဠုန်မင်း ပြန်လာခါနီးမှ စောင်းသမားကို လုံခြုံတဲ့နေရာမှာထားပြီး ဗိမာန်ကို ပြန်သွားတယ်။

အချိန်ကြာလာတဲ့အခါမှာ စောင်းသမားဟာ ပျင်းရိငြီးငွေ့လာတယ်။ ပင်လယ်ပြင်ဘက်ထွက်ကာ လှေအကြုံကိုပဲ စောင့်မျှော်နေတော့တယ်။ သဘော်တစ်စင်း တွေ့ရတဲ့အခါမှာ သူယောနန္ဒီ အသိမပေးဘဲ လက်ယပ်ခေါ်ယူကာ လိုက်ပါသွားတယ်။

ဗာရာဏသီး ပြန်ရောက်တဲ့အခါ စောင်းသမားဟာ ဗာရာဏသီမင်းနဲ့ ဂဠုန်မင်းတို့ ကြွေအံကစားမြဲ ကစားနေကြတာကို တွေ့ရတယ်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး မိဖုရားငယ်ရဲ့ လော်မာပုံကို စာဖွဲ့ချင်စိတ် ဖြစ်ပေါ်လာတယ်။ ဒီတော့…

'တစ်ရံရောအခါ လှပတဲ့ မိဖုရားငယ်တစ်ပါး ရှိခဲ့တယ်၊ ရုပ်အဆင်းလှပေမယ့် မာယာများတယ်၊ ရှုမွှက်ကြီးတယ်၊ ဘုရင်ကြီးရဲ့အပေါ် သစ္စာမဲ့တယ်၊ တစ်ချစ်ပြီးတစ်ချစ် ပြောင်းသွားခဲ့တယ်၊ ကွယ်ရာမှာ ချစ်သူအသစ်ရှာ ပျော်မွေ့

နေတတ်တယ်' အစချီကာ မိဖုရားငယ်ရဲ့အကြောင်း သိကုံး ဖွဲ့နွဲ့ သီချင်းဆိုပြီး စောင်းတီးဖျော်ဖြေလိုက်တယ်။

ဂဠုန်မင်းက ရိပ်မိသွားတယ်။ ဖောက်ပြန်တဲ့ မိန်းမ ယုတ်ကို မလိုချင်တော့တာနဲ့ သူ့အတောင်ကြားမှာ ပြန်လည် ညှပ်ယူလာပြီး ဗာရာဏသီပြည် တစ်နေရာမှာ ချထားစွန့်ပစ် လိုက်တယ်။ ဘုရင်ကြီးထံလည်း ကြွေအံကစားဖို့ မလာတော့ ဘူး။ ရုပ်ရည်လှပသော်လည်း လော်လီဖောက်ပြားတဲ့ မိန်းမ ချောလေးနဲ့ ပြန်လည်မကွေ့မိအောင် ရှောင်ရှားနေလိုက်ပါတော့ တယ်။

သုဃာနန္ဒီဇာတ်

* * *

အသက်ပေးပြီး လှူရဲသူ

သူနာမည်က မောင်သုမနပါ။ ရာဇဂြိုဟ်ပြည်သား။ အလုပ်က ပန်းတော်ဆက် ဖြစ်တယ်။ နေ့တိုင်း နေ့တိုင်း နန်းတော်သွားကာ ဘုရင်ကြီး ဗိမ္ဗိသာရအတွက် ပန်းတော်များ ပို့ဆောင်ဆက်သွင်းနေရသူ ဖြစ်တယ်။

တစ်နေ့...

မောင်သုမနဟာ ပန်းခြင်းထမ်းပြီး နန်းတော်သွားခိုက် လမိုးမှာ ဆွမ်းခံထွက်ကြွတဲ့ ဂေါတမမြတ်စွာဘုရားရှင်ကို ဖူးမြင်လိုက်ရတယ်။ ကြည်ညိုသပွာယ်လွန်းတာကြောင့် ဖူးမဝနိုင် ဖြစ်သွားခဲ့ရတယ်။ လှူချင်တန်းချင်စိတ်လည်း ပေါ်ပေါက်

လာတယ်။ သူ့ဆီမှာလည်း မြတ်စွာဘုရားကို လှူဒါန်းဖို့ ဆွမ်းကွမ်းမပါ။ အကြံရ ခက်နေတယ်။

အဲဒီအချိန်မှာ နှန်းတော်ပို့ရမည့် ပန်းခြင်းထဲက ပန်းအလှပေါင်းစုံရဲ့ ရနံ့က မွှေးပျံ့လာတယ်။ "ငါ့မှာ အဖိုးတန် ပန်းတွေ ရှိနေသားပဲ၊ ဒါတွေ လှူလိုက်ရုံပေါ့၊ ဒါပေမဲ့ ဒီပန်းတွေက ဘုရင်ကိုဆက်ဖို့၊ ပန်းတော်ဆက်တာဝန် ပျက်ကွက်ရင် ငါ အသတ်ခံရမှာ။ ဒါကို မင်း ကြောက်နေသလား၊ သေလည်း ကစ်ဘဝပါ၊ သင်္ခါအားရှိနေတုန်း လှူဖြစ်အောင် လှူရမယ်၊ ဖြစ်ချင်တာ ဖြစ်၊ မြတ်စွာဘုရားကို လှူမိလို့ ရတဲ့အပြစ်ဒဏ် ငါ ကောင်းကောင်းကြီးခံယူမယ်" ဆိုပြီး ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချလိုက်တော့တယ်။

ပန်းခြင်းကို မြေပြင်ပေါ် ချကာ မြတ်စွာဘုရားကို ရိုကျိုးစွာ ရှိခိုးကန်တော့လိုက်တယ်။ နောက် ပန်းခြင်းထဲက ပန်းနှစ်ဆုပ်ကိုယူကာ မြတ်စွာဘုရားရှင်ရဲ့ လက်ဝဲဘက်ကို ကြဲပက်လိုက်တယ်။ အံ့ရော... အံ့ရော... ကြဲပက်လိုက်တဲ့ မြတ်လေးပန်းပွင့်တွေဟာ မြေပြင်ပေါ် ပြန်ကျမလာဘူး။ တစ်ပွင့်နဲ့တစ်ပွင့် သီကုံးထားသလို ဆက်တွဲကာ ပန်းဆိုင်းနှစ်ခု ဖြစ်သွားတယ်။ မြတ်စွာဘုရားရဲ့ လက်ဝဲဘက်မှာ ပန်းဇာပဝါ

ကာရံထားသလို ဖြစ်နေတော့တယ်။ နောက်ထပ် ပန်းနှစ်ဆုပ် ကိုယူကာ မြတ်စွာဘုရား၏ လက်ယာဘက်ကို ကြဲပက်လိုက် ပြန်တယ်။ အဲဒီ ပန်းတွေဟာလည်း မြတ်စွာဘုရား၏ လက် ယာဘက်မှာ ပန်းဇာပဝါ ဖြစ်သွားကြပြန်တယ်။ တစ်ခါ မြတ် စွာဘုရား၏ ဦးခေါင်းတော်ပေါ်ကို ပန်းနှစ်ဆုပ် ကြဲပက်လိုက် ပြန်တယ်။ အဲဒီ ပန်းတွေဟာလည်း ပန်းမျက်နှာကြက် ဖြစ်သွား ကြပြန်တယ်။ နောက်တစ်ခါ မြတ်စွာဘုရား၏ ကျောပေါ်သို့ ပန်းနှစ်ဆုပ် ကြဲပက်လိုက်တယ်။ အဲဒီပန်းတွေဟာလည်း မြတ် စွာဘုရား၏ နောက်ကျောမှာ ပန်းဇာပဝါတွေ ဖြစ်ကုန်ကြတယ်။ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးနေတဲ့ မြတ်စွာဘုရား ပတ်ပတ်လည်မှာ မောင်သုမန လှူဒါန်းလိုက်တဲ့ ပန်းရနံ့တွေ ကလည်း သင်းပျံ့နေပါတော့တယ်။

အဲဒီ ပန်းဇာပဝါတွေဟာ မြတ်စွာဘုရား ကြွချီရာ တစ်လျှောက် လိုက်ပါနေတယ်။ မောင်သုမနလည်း ကြည်ညိုလွန်းတာနဲ့ မြတ်စွာဘုရား၏ နောက်က လက်အုပ်ကလေးချီပြီး လိုက်ပါလာတယ်။ ရာဇဂြိုဟ်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတယ်။ ထူးဆန်းတဲ့ အဖြစ်အပျက်ကြောင့် ဖူးမြော်သူ တွေ၊ လှူဒါန်းကြသူတွေနဲ့ အထူးစည်ကားသွားခဲ့ရတယ်။ ဒီ

သတင်း နန်းတော်ထိ ပေါက်ကြားသွားတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် နန်းတော်ထိ ကြွလာခဲ့တယ်။

ဝမ်းသာအားရဖြစ်ပြီး အိမ်ကို မောင်သုမန ပြန်လာတယ်။ လက်ထဲမှာ ပိုက်ဆံပါမလာတဲ့ ယောကျ်ားကို မိန်းမက ဆီးမေးတယ်။ မောင်သုမနဟာ အကျိုးအကြောင်း ပြောပြလိုက်တယ်။ မိန်းမဖြစ်သူ မျက်စိမျက်နှာ ပျက်သွားတ်ယ။

'ရှင့်နှယ်တော်...ရူးလှချည်လား၊ ရှင်တော့ အသတ်ခံရတော့မယ်၊ ရှင် ရူးတာက အရေးမကြီးဘူး၊ တစ်နှယ်ငင် တစ်စင်ပါဆိုသလို ကျွန်မတို့လည်း အသတ်ခံနေရပါဦးမယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ နန်းတော်ကို အမြန်သွား ဘုရင်ကြီးဆီ လျှောက်တင်ထားမှ၊ နို့မို့ရင် မဆီမဆိုင် ကျွန်မတို့ပါ ရောနှောပါနေဦးမယ်'

ဆိုပြီး နန်းတော်ကို အပြေးသွားကာ မောင်သုမနရဲ့ အပြစ်သာဖြစ်ကြောင်း၊ သူတို့ရဲ့ မဆိုင်ကြောင်း မိန်းမဖြစ်သူက ဘုရင်ကြီးထံ လျှောက်တင်လိုက်တယ်။

ဘုရင်ကြီးကတော့ မောင်သုမနရဲ့ မိန်းမဖြစ်သူကို ပြုံးပြုံးကြီး ကြည့်နေလိုက်တယ်။ မြတ်စွာဘုရားကို ကြည်ညိုသူပီပီ မောင်သုမနအပေါ် အပြစ်လို့ မမြင်ဘူး။ မြတ်စွာဘုရား

ရွှေနန်းတော်မှာ ခေတ္တနားပြီး ဆွမ်းစားစဉ်ကပင် ပန်းဇာပဝါ မျက်နှာကြက်ကို ကြည့်ပြီး အထူးပီတိဖြစ်နေသူ ဖြစ်တယ်။

ပန်းတော်ဆက် မောင်သုမနကို ဘုရင်ကြီးက ဆင့် ခေါ်လိုက်တယ်။

'မှန်လှပါ အရှင်မင်းမြတ်၊ ဒီကနေ့မနက်မှာ ပြုနေကျ ပန်းတော်ဆက်တာဝန် ပျက်ကွက်ခဲ့ပါတယ်၊ လမ်းခရီးမှာ မြတ်စွာဘုရားနဲ့ ဆုံတွေ့တော့ လှူစရာ မပါတာနဲ့ ပန်းတွေကို ပဲ လှူဒါန်းမိပါတယ်၊ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူတာကို ဖူးမြော်ခွင့်၊ ပန်းတွေလှူဒါန်း နိုင်ခွင့် ရခဲ့တာကို ဝမ်းမြောက်ပီတိ ဖြစ်နေပါတယ်။ တပည့် တော် သေပျော်ပါပြီ၊ ပေးသမျှအပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူဖို့ အသင့်ရှိနေပါတယ် ဘုရား'

ဆိုပြီး မောင်သုမနဟာ ရဲရဲဝံ့ဝံ့ လျှောက်တင်လိုက် တယ်။

'သုမန... သင်ဟာ သာမညလူ မဟုတ်တော့ဘူး၊ မိမိရဲ့အသက်ကိုတောင် မငဲ့ကွက်တဲ့ မင်းရဲ့ သဒ္ဓါစိတ်ကို ငါ ချီးကျူးတယ်၊ အာဇာနည်ယောကျ်ားကောင်းတစ်ယောက် ဖြစ်ပေတယ်'

ဆိုပြီး မင်းကြီးက သာဓုခေါ်ဆိုလိုက်တယ်။

နောက် အပြစ်မယူသည့်ပြင် ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ သမီးကညာ ရှစ်ယောက်၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ အိုးတန် တန်ဆာများနဲ့ အသပြာရှစ်ထောင်နဲ့ ရွာကြီးရှစ်ရွာတို့ကို ချီးမြှင့်ပေးသနားလိုက်တယ်။

မောင်သုမနဟာ အဲဒီဘဝမှာသာ ဒိဋ္ဌဓမ္မ အကျိုးခံစားခွင့်ရခဲ့တာ မဟုတ်သေးပါဘူး။ နောက် ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မလားဘဲ လူနတ်စည်းစိမ်ချမ်းသာကို ခံစားကျင်လည်ရဦးမှာ ဖြစ်တယ်။ အဲဒီကမှတစ်ဆင့် နောက်ဆုံးရှင်ပစ္စေကဗုဒ္ဓါတစ်ပါးဖြစ်ကာ နိဗ္ဗာန်စံဝင်ရမှာ ဖြစ်ပါတော့တယ်။

ထူးကဲတဲ့ သဒ္ဓါတရားဟာ ထူးကဲတဲ့အကျိုးကို ဧကန် ဖြစ်စေပါတယ်။

ဓမ္မပဒဝတ္ထု

* * *

မိဘကိုချစ်တဲ့ သားလိမ္မာ

ရှေးအခါက...

ကောသလတိုင်းမှာ ဒီဃီတိ ကောသလမင်း စိုးစံနေတယ်။ သူ့ထက်အင်အားကြီးမားတဲ့ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းက ကောသလတိုင်းကို လာရောက်တိုက်ခိုက် သိမ်းပိုက်မယ်ဆိုတဲ့ သတင်းကို ကြားသိလိုက်ရတဲ့အခါ ကောသလမင်းဟာ တိုင်းပြည်ငယ်ကလေး ဖြစ်နေတာကြောင့် ယှဉ်ပြိုင်နိုင်စွမ်း မရှိဘူး။ ဒီတော့ ဘုရင်နဲ့ မိဖုရားဟာ ရန်ကို ကြိုတင်ရှောင်တိမ်းဖို့ ပြင်ဆင်လိုက်ကြရတယ်။ ဗာရာဏသီ အစွန်အဖျားက ရွာလေးတစ်ရွာရှိ အိုးလုပ်တဲ့ အိမ်တစ်အိမ်မှာ ဆင်းရဲသားယောင် ဆောင်နေခဲ့ကြရတယ်။

အဲဒီလို ရှောင်တိမ်းနေရင်းက ကောလသမင်းကြီးရဲ့ မိဖုရားမှာ ကိုယ်ဝန်ရှိလာတယ်။ ကိုယ်ဝန်ဆောင် မိဖုရားကြီးဟာ စစ်အင်္ဂါလေးပါးနဲ့ သန်လျက်ကိုဆေးတဲ့ ရေကို သောက်ရတယ်လို့ အိပ်မက်မက်ခဲ့တယ်။ ကောလသမင်းဟာ သူ့ရဲ့ သူငယ်ချင်းရင်း ဗြဟ္မဒတ်မင်းထံမှာ အမှုထမ်းနေတဲ့ ပုရောဟိတ်ပုဏ္ဏားဆီ တိတ်တဆိတ်သွားပြီး မိဖုရားကြီးရဲ့ အိပ်မက်အကြောင်းကို ပြောပြတိုင်ပင်တယ်။ ပုရောဟိတ် သူငယ်ချင်းကလည်း ကိုယ်တိုင်ကြည့်မှ ဖြစ်မယ်ဆိုပြီး လိုက်လာတယ်။ ကိုယ်ဝန်ဆောင် မိဖုရားကြီးကို တွေ့လိုက်ရတဲ့အခါ သုံးကြိမ်တိုင်တိုင် ရှိခိုးပြီး 'ကိုယ်ဝန်ဆောင်ထားရတဲ့ သူငယ်ဟာ ကောသလတိုင်းရဲ့ ရှင်ဘုရင် ဧကန်ဖြစ်ပါလိမ့်မယ်။ မိဖုရားကြီးရဲ့ဆန္ဒကို ပြည့်စုံအောင် ဖြည့်ဆည်းပေးပါ' လို့ မှာကြားလိုက်တယ်။ ကောသလမင်းကြီးကလည်း နောက်တစ်နေ့ နေထွက်စအချိန်မှာ စစ်အင်္ဂါလေးပါးနဲ့ သန်လျက်ကို ရေဆေးပြီး မိဖုရားကြီးကို တိုက်ကျွေးခဲ့တယ်။

ဖွားမြင်လာတဲ့ သားတော်လေးကို 'ဒီဃာဝု' လို့အမည်ပေးတယ်။ ကြီးပြင်းလာတော့လည်း လိမ္မာရေးခြားရှိတယ်။ 'တို့တိုင်းပြည်ကိုလည်း ဗြဟ္မဒတ်မင်း သိမ်းပိုက်ထားပြီးပြီ၊

တစ်နေ့နေ့မှာ တို့ကို တွေ့သွားရင်လည်း ဖမ်းဆီးသတ်ဖြတ်မှာ သေချာတယ်၊ သားတော်လေး အသက်ဘေးကင်းဝေးရအောင် ဒီလို ဆက်နေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ တစ်နေရာရာမှာ ဝှက်ထားမှဖြစ်မယ်' လို့ ကောသလမင်း အကြံပေါ်လာတယ်။ ဒီတော့ သားတော်လေးကို လှို့ဝှက်တဲ့တစ်နေရာကို သွားပို့ထားလိုက်တယ်။ အတတ်ပညာတွေကို သင်ယူစေတယ်။ မိဘတွေဆီကို တစ်ခါတစ်ရံမှ လာတွေ့တယ်။

အဲဒီလို နေလာရင်းက ကောသလမင်းရဲ့ ဆတ္တာသည်ဟောင်းက တွေ့သွားပြီး ဗြဟ္မဒတ်မင်းထံ သွားရောက်သတင်းပို့လိုက်တယ်။ ဗြဟ္မဒတ်မင်းက ကောသလမင်းနဲ့ မိဖုရားကို ချက်ချင်းဖမ်းဆီးစေတယ်။ မင်းနဲ့ မိဖုရားကို ခေါင်းတုံးတုံးစေတယ်။ မြို့ထဲ လှည့်လည်စေတယ်။ နောက် မင်းနဲ့ မိဖုရား နှစ်ပါးစလုံးကို လေးဝိုင်းဝိုင်းပြီး မြို့ပတ်ပတ်လည်မှာ လွှင့်ပစ်စေလို့ အမိန့်ချမှတ်လိုက်တယ်။ အကျဉ်းခံမင်းနှင့် မိဖုရားကို လူတွေ ဝိုင်းအုံကြည့်နေကြတယ်။

အဲဒီနေ့မှာပဲ မိဘတွေကိုတွေ့ဖို့ ဒီဃာဝုမင်းသားလေး တိတ်တဆိတ် ရောက်လာတယ်။ ဗာရာဏသီမြို့လယ်က လူတွေအုံနေတဲ့နေရာ ရောက်ခဲ့တယ်။ လူအုပ်တွေရှေ့ တိုးဝင့်ပြီး

ဘာလဲဆိုတာ သိရအောင် ဝင်ကြည့်ခဲ့တယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းက မင်းသားလေးရဲ့ မျက်စိအစုံကို ပြာဝေသွားစေတယ်။ နောက်ပြီး ဒေါသစိတ်ကိုလည်း ထောင်းခနဲထသွားစေတယ်။ မျက်ရည်မကျအောင် မနည်းအံကြိတ်ထားလိုက်ရတယ်။ မြင်ကွင်းက မလှပဘူး။ မိဘအရင်း ဘုရင်ကြီးနဲ့ မိဖုရားဟာ ခေါင်းတုံးတုံးခံထားရတယ်။ လက်ပြန်ကြိုးတွေ ချည်နှောင်ထားတယ်။ မကြာမီ အသတ်ခံရတော့မယ့် အကျဉ်းသားဘဝ ရောက်နေတယ်။

စိတ်မကောင်းဖြစ်နေတဲ့ သားငယ်ကို တွေ့ရတော့ မင်းကြီးက အများကို ပြောသလိုလိုနဲ့ 'လောကမှာ မုန်းစကို တိုစေ၊ ချစ်စကို ရှည်ပါစေ၊ ရန်ကို ရန်ချင်းမတုံ့နှင်းပါနဲ့၊ ရန်မီးရှည်တတ်တယ်' ဆိုပြီး နှစ်ကြိမ်၊ သုံးကြိမ် ထပ်ပြောလိုက်တယ်။ ဝိုင်းကြည့်နေကြတဲ့ လူတွေက ဒီဘုရင်ဟာ သေရမှာကြောက်ပြီး ကယောင်ချောက်ချား ပြောနေတယ်လို့ ထင်မှတ်နေကြတယ်။ တီးတိုးပြောနေကြသံတွေကို ကောသလ မင်းကြားတော့ 'အခုပြောတဲ့ စကားကို ပညာရှိများ သိနိုင်ပါတယ်၊ သိလည်း သိပါစေ' လို့ ထပ်ပြောလိုက်တယ်။

ဒီဃာဝုမင်းသားဟာ မိဘတွေရဲ့ အဖြစ်ဆိုးကိုကြည့်

ပြီး စိတ်မကောင်းလွန်းတာနဲ့ တောထဲပြေးဝင်ကာ အားရပါးရ ငိုချလိုက်ရတယ်။ အားရအောင် ငိုပြီးတဲ့နောက်မှ မိဘတွေရဲ့ အလောင်းတွေကို စောင့်ရှောက်ရတဲ့ အကောပါးကွက်သားတွေကို အရက်မူးအောင်တိုက်ပြီး ကြွင်းကျန်ရစ်တဲ့ ရုပ်အလောင်းတွေကို စုစည်းကာ မီးသင်္ဂြိုဟ်ပေးခဲ့တယ်။ အဲဒီနောက် ဒီဃာဝုမင်းသားဟာ ဘုရင့်ဆင်ထိန်းထံမှာ သာမန်လူတစ်ယောက် အနေနဲ့ ခေတ္တတည်းခို နေထိုင်ခွင့် တောင်းနေခဲ့တယ်။ ဆင်တင်းကုပ်ထဲမှာ တစ်နေရာစာ ပေးခဲ့တယ်။ ဘဝင်နှလုံး နှမ်းချိနေတဲ့ မင်းသားလေးဟာ မိဘတွေရဲ့ အဖြစ်ဆိုးကို မေ့ဖျောက်နိုင်စွမ်း မရှိဘူး။ အိပ်လို့လည်း မပျော်နိုင်ဘူး။ အလွမ်းပြေအောင်ဆိုပြီး အဖော်စောင်းကို ကောက်ပွေ့ကာ ဆွေးဆွေးမြည့်မြည့် တီးခတ်နေမိလိုက်တော့တယ်။ မင်းသားငယ်လေးရဲ့ စောင်းသံဟာ နန်းတော်အထိ လွင့်ပျံသွားတယ်။ ဗြဟ္မဒတ်မင်းကြီး ကြားသွားတယ်။

'တယ်ပြီး သာယာနာပျော်ဖွယ် ရှိလှပါလား၊ ဘယ်အရပ်က စောင်းသံလဲ'

မင်းကြီးက မေးမြန်းလိုက်တယ်။

'ဆင်တင်းကုတ်ထဲက ဧည့်သည်လူငယ်တစ်ယောက်

တီးခတ်နေတာပါ ဘုရား'

မင်းချင်းတွေက ပြန်လည်လျှောက်တင်လိုက်ကြတယ်။

မင်းကြီးက လူငယ်ကို ရှေ့တော်မှောက်သွင်းစေပြီး စောင်းတီးကျွမ်းကျင်တာကို နှစ်သက်တာကြောင့် အပါးမှာ ခစား ဖျော်ဖြေစေတယ်။ စောင်းသမားဟာ အမျက်မထားဘဲ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးနေတာကြောင့် တဖြည်းဖြည်းနဲ့ ဗြဟ္မဒတ်မင်းကြီးရဲ့ လူယုံတော် ဖြစ်ခဲ့ရတယ်။ မင်းကြီး သွားလေရာ လိုက်ပါနေရတယ်။

တစ်နေ့ မင်းကြီးဟာ တောကစားထွက်တယ်။ ဒီဃာဝုမြင်းရထားမောင်းအဖြစ် ခေါ်သွားတယ်။ ဒီဃာဝုက ရှေ့က အပြင်းမောင်းနှင်သွားတော့ နောက်ကလိုက်လာတဲ့ ရဲမက်ဗိုလ်ပါတွေနဲ့ အလှမ်းဝေးကွာပြီး တောနက်ထဲ ရောက်သွားခဲ့တယ်။ တောထဲမှာ ရထားကိုရပ်တော့ မင်းကြီးက...

'ရထားစီးရတာ ငါကိုယ်တော် ပင်ပန်းတယ်၊ မင်းရဲ့ ပေါင်ပေါ်မှာ ခေတ္တလှဲအနားယူဦးမယ်'

ဆိုပြီး ဒီဃာဝုရဲ့ ပေါင်ပေါ် လှဲအိပ်လိုက်တယ်။

အိပ်ပျော်နေတဲ့ မင်းကြီးကိုကြည့်ပြီး ဒီဃာဝုရဲ့ စိတ်ထဲမှာ မိဘတွေအတွက် လက်စားချေချင်တဲ့ စိတ်ရိုင်း ငေါက်ခနဲ

ပေါ်လာတယ်။ ဘေးနားက သန်လျက်ကို ကောက်ကိုင်လိုက်တယ်။ 'လောကမှာ မုန်းစကို တိစေ၊ ချစ်စကို ရှည်ပါစေ၊ ရန်ကို ရန်ချင်း မတွဲနှင်းပါနဲ့၊ ရန်မီးရှည်တတ်တယ်' ဆိုတဲ့ သေခါနီး အကျဉ်းသားဖခင်ရဲ့စကား နားထဲမှာ ပြန်လည်ကြားယောင်လာတယ်။ သန်လျက်ကို ပြန်ချထားလိုက်တယ်။ ဒါပေမဲ့ သူဖခင်ရဲ့ တိုင်းပြည်ကို အင်အားသုံး အနိုင်ကျင့်သိမ်းပိုက်ခဲ့တာ၊ ရက်စက်စွာ သတ်ဖြတ်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်တော့ ဒေါသစိတ်က မပြယ်ပြန်ဘူး။ ရန်သူစစ်စစ်ကြီးကို ငါကိုယ်တိုင် သတ်ပစ်ရမယ်ဆိုပြီး သန်လျက်ကို ဘေးပြန်ချထားလိုက်ပြန်တယ်။

ခဏအတွင်းမှာ ဗြဟ္မဒတ်မင်းကြီး အိပ်ပျော်နေရာကလန့်နိုးလာတယ်။ ကြောက်စိတ်ကြောင့် တုန်တုန်ယင်ယင်ဖြစ်နေတယ်။ 'စောင်းသမားရယ်... ငါ အိပ်ပျော်နေတုန်း အိပ်မက်ဆိုးတွေ မက်တယ်၊ ငါကိုယ်တော်ကို လူတစ်ယောက်က သတ်ဖို့ကြံစည်နေတယ်၊ ဘယ်သူလဲ မသိဘူး' ဆိုပြီး မင်းကြီးက ပြောတယ်။

ဒီဃာဝုမင်းသားဟာ မင်းကြီးရဲ့ ဆံပင်ကိုဆွဲကာ သန်လျက်နဲ့ ချိန်ရွယ်ကာ...

'အဲဒီလူဟာ ကျုပ်ပေါ့၊ ကျုပ်ဟာ ကောသလမင်းရဲ့ သားတော် ဖြစ်တယ်၊ သင်းအပေါ် သွေးကြွေးပြန်ဆပ်ရမယ်'

လို့ ရဲရဲရင့်ရင့် ပြန်ပြောလိုက်တယ်။

'အသက်ကိုတော့ ချမ်းသာပေးပါ အမောင်စောင်းသမားရယ်'

မင်းကြီးက တောင်းပန်တယ်။

အဲဒီအခါမှာ ဒီဃာဝုမင်းသားက…

'မင်းကြီးရဲ့အသက်ကို ကျုပ် မသတ်ပါဘူး၊ မင်းကြီးကလည်း ကျုပ်ရဲ့အသက်ကို မသတ်ပါဘူးလို့ ကတိပေးပါ'

လို့ ပြောလိုက်တယ်။

မင်းကြီးလည်း သတိသံဝေဂတွေ ဖြစ်ပေါ်လာတယ်။ မင်းသား တောင်းဆိုတဲ့အတိုင်း ပေးလိုက်ရတယ်။

နောက်လိုက်ရဲမက်ဗိုလ်ပါတွေ စုံလင်စွာနဲ့ ရောက်ရှိလာတဲ့အခါ မင်းကြီးက…

'ဒီ စောင်းသမားလူလင်ဟာ ကောသလမင်းရဲ့ သားငယ်လေးဖြစ်တယ်၊ မုန်းစကိုတိုစေ ချစ်စကိုရှည်စေ ဆိုတဲ့ဖခင်ရဲ့စကားကို မြေဝယ်မကျနားထောင်ပြီး လိုက်နာနိုင်ခဲ့တဲ့ ပညာရှိလူငယ်တစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် သူ့ကို ခမည်း

တော်ရဲ့တိုင်းပြည် ကောသလကို ပြန်အပ်ရမယ်၊ ကောသလ ဘုရင်အဖြစ် စိုးစံရန် ကျွန်ုပ် လွှဲအပ်လိုက်ပြီ"

လို့ အမိန့်ရှိလိုက်တယ်။

အဲဒီနေ့ကစပြီး မိဘနှစ်ပါးအပေး အလွန်ချစ်တဲ့၊ မိဘနှစ်ပါးကို မြေဝယ်မကျ နားထောင်ခဲ့တဲ့ ဒီဃာဝုမင်းသားလေးဟာ ကောသလတိုင်း ဘုရင်တစ်ပါးအဖြစ် စိုးစံခွင့်ရသွားခဲ့ပါတော့တယ်။

ထွပဒ ဒီဃာဝုဇာတ်

❀ ❀ ❀

ပေါက်ပင်အောက်က မြေခွေး

ရှေးအခါက...

တောမြိုင်ကြီးထဲမှာ နေထိုင်ကာ ကျင်လည်ကျက်စား နေတဲ့ မြေခွေးတစ်ကောင် ရှိတယ်။ တစ်နေ့မှာ တောထဲလှည့် လည်ကာ အစာရှာဖွေရင်း ပင်လုံးကျွတ် နီရဲအောင်ပွင့်နေတဲ့ ပေါက်ပင်ကြီးတစ်ပင်ကို ခပ်လှမ်းလှမ်းမှာ တွေ့လိုက်ရတယ်။ နီရဲနေတဲ့ ပေါက်ပွင့်တွေကို သွေးသံရဲနေတဲ့ သားတစ်တွေလို့ ထင်မှတ်ပြီး ပေါက်ပင်ကြီးနားရောက်အောင် အမြန်ပြေးသွား ချဉ်းကပ်လိုက်တယ်။ မိမိကိုယ်မိမိ ကံကောင်းလှပြီဆိုကာ

ဝမ်းသာပျော်ရွှင်နေတယ်။ ပေါက်ပင်ကြီးနား ရောက်တော့ ပေါက်ပွင့်တွေကို မှေ့ကြည့်လိုက်ပြန်တယ်။ စားချင်လွန်းလို့ သွားရည်တွေတောင် ကျလာတယ်။ ပေါက်ပွင့်တွေဟာ သစ်ပင်အထက် အမြင့်ကြီးမှာဆိုတော့ လှမ်းခုန်လို့လည်း မဓိဘူး။

မြေခွေးဆိုတာ သစ်ပင်မတက်တတ်တော့ အပင်ပေါ် တက်ပြီးလည်း မစားနိုင်ဖြစ်နေရတယ်။ ဒီတော့ ပေါက်ပင်ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ကာ သွားရည်တများများနဲ့ အပေါ်က ပေါက်ပွင့်တွေကို ငေးမောကြည့်နေရပါတော့တယ်။ နီရဲနေတဲ့ သားတစ်တွေ လေအလျှင်မှာ ပြုတ်ကျလာရင် ဘယ်လောက်ကောင်းမလဲဆိုပြီး အာသာငမ်းငမ်းနဲ့ စိတ်ကူးယဉ်နေပြန်တယ်။

မြေခွေး စောင့်မျှော်နေဆဲမှာပဲ လေပြင်းကလေးတစ်ချက် တွေ့လိုက်တော့ ပေါက်ပွင့်တွေဟာ တဝဲဝဲကြွေလွင့်ကာ မြေပြင်ပေါ် ကျရောက်လာကြတယ်။ မြေပြင်ပေါ် ကျရောက်လာတဲ့ ပေါက်ပွင့်တွေကို အသားတစ်ပဲဆိုကာ မြေခွေးက အားပါးတရ ပြေးဟပ်ကာ ကိုက်စားပစ်လိုက်တယ်။ ဒါပေမဲ့ မြေခွေးရဲ့ ခံတွင်းထဲမှာ အရသာမတွေ့ ဖြစ်နေတယ်။

'ဟ... ဘယ်လိုဟာကြီးပါလိမ့်၊ စားရတာ ပျော့ရွှတ်

ရွှတ်နဲ့၊ အရသာ မရှိ၊ အနံ့ကလည်း မကောင်း၊ အသားတစ် အပေါ် ကပ်နေတဲ့ အမျှင်တွေ ထင်ပါရဲ့၊ ထွီ... ဆိုကာ ညည်းတွားရင်း ပြန်အန်ထုတ်ပစ်လိုက်တယ်။ ခု ကြွေကျလာတာ သားတစ်မဟုတ်သေးဘူး။ အသားတစ်တွေဟာ အပင်ပေါ်မှာ အများကြီးရှိနေသေးတယ်၊ အသားတစ်စစ်စစ်ကျလာမှ အားရ ပါးရ ဝါးတော့မယ်လို့ စိတ်ကူးကာ ဆက်မျှော်နေလိုက်ပြန် တယ်။ နောက်တစ်ကြိမ် လေအဝှေ့မှာ ပေါက်ပွင့်တွေ ကြွေကျ လာပြန်တယ်။ မြေခွေးက အားရပါးရ ပြေးဟပ်လိုက်ပြန်ကယ်။ ဒါပေမဲ့ အရသာမရှိ ဖြစ်နေပြန်တယ်။

ဟာ... ခု ကြွေကျတာလည်း သားတစ်မဟုတ်သေး ဘူး၊ သားတစ်တွေက အပင်ပေါ်မှာ ရှိနေဆဲဖြစ်တယ်ဆိုတာ ထပ်စောင့်နေလိုက်ပြန်တယ်။

တစ်ကြိမ်ပြီးတစ်ကြိမ် ကြွေကျလာတဲ့ ပေါက်ပွင့်တွေ ကို မြေခွေးက ပြေးပြေးဟပ်နေမိတယ်။ ဒါပေမဲ့ ဟပ်တိုင်း ဟပ်တိုင်း အသားတစ်မဟုတ်မှန်း သိလိုက်ရတယ်။ နောက် ကြွေကျလာတဲ့ ပေါက်ပွင့်တွေကို အသားတစ်ဟုတ်နိုး ဟုတ်နိုး နဲ့ မိုက်မဲစွာ ဆက်လက်မျှော်နေမိပြန်တယ်။ လောဘစိတ်မွန် နေတဲ့ မြေခွေးဟာ ပေါက်ပင်ပေါ်က အပွင့်နီနီတွေကို သားတစ်

အဖြစ် ထင်မှတ်နေဆဲ ဖြစ်တယ်။

ကြွေကျလာတဲ့ ပေါက်ပွင့်တွေကို ပြေးပြေးဟပ်ရတာလည်း အကြိမ်ရေ မနည်းတော့ဘူး။ ဒါပေမဲ့ နီရဲနေတဲ့ ပေါက်ပွင့်တွေဟာ အသားတစ်မဟုတ်ဘူးဆိုတာကို စဉ်းစားဆင်ခြင်နိုင်စွမ်း မရှိသေးဘူး။ ပေါက်ပင်ကြီးပေါ်မှာ နီရဲတဲ့ သားတစ်တွေ ရှိနေဆဲလို့ တထစ်ချ ယူဆနေဆဲဖြစ်တယ်။

ဒီလိုပုံနဲ့ တဖြည်းဖြည်း နေမြင့်လာတယ်။ နေမြင့်ရာက နေစောင်းလာတယ်။ နေစောင်းရာက မိုးချုပ်လာတယ်။

ဒါပေမဲ့ လောဘစိတ်ဝင်နေတဲ့ မြေခွေးဟာ ပေါက်ပင်ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ကာ ပြုတ်ကျလာမယ့် အသားတစ်ကို စောင့်မျှော်နေဆဲ ဖြစ်တယ်။

ညအမှောင်ထု ကြီးစိုးလာပေမယ့် မြေခွေးဟာ မိမိနေထိုင်ရာ လုံခြုံတဲ့ မြေကျင်းဂူဆီ မပြန်နိုင်သေးဘူး။ ညချမ်းအချိန်ရောက်ပြီဆိုတော့ တောဘုရင် ခြင်္သေ့နဲ့ ကြမ်းတမ်းရက်စက်တဲ့ ကျား၊ ကျားသစ်တွေဟာ အစာရှာဖွေဖို့ တောထဲထွက်လာကြတယ်။ လှည့်လည်အစာရှာဖွေနေတဲ့ ကျားတစ်ကောင်ဟာ ပေါက်ပင်ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်နေဆဲ မြေခွေးမိုက်ကို တွေ့သွားခဲ့တယ်။

မြေခွေးဟာ ကျားအတွက် ညစာ ဖြစ်သွားခဲ့ရတယ်။

ခွေကောင်းကောင်းနဲ့ ထိုင်စောင့်နေတဲ့ မြေခွေးဟာ ခွေရဲ့ အကျိုးကျေးဇူးကို ရရှိခံစားမသွားခဲ့ရရှာဘူး။ အသက်သာ ဆုံးခဲ့ရတယ်။ လွဲမှားတဲ့ ခွေ၊ စဉ်းစားဆင်ခြင်ဉာဏ် ဦးစီးမှု မရှိတဲ့ခွေဟာ မိမိအတွက် အကျိုးမဲ့ အလဟဿ အချည်းအနှီး ပဲ ဖြစ်တယ်ဆိုတာကို မြေခွေးက သက်သေပြသွားခဲ့ပါတယ်။

ကံဆကောဖသုတ္တန်

ပြီး။

မြဟန်သိန်းဟောင်

အမြီးအလွန်ရှည်တဲ့ကျားသစ်

အပါအဝင်

ပုံပြင်တွေထဲကသင်ခန်းစာ

Design by ; Maung Naing Winn